# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း (၅) ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-2-2024)၊ အတွဲ (၃၂)၊ အမှတ် (၂၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

**အမိန့်ကြော်ငြာစာအမှတ် ၃၂ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂၈/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော အရန်တပ်ဖွဲ့ဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်။

(ပုံ)

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညီလာခံမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းဥပဒေကိုအားပေးထောက်ခံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ပြန်ခဲ့သည်။ စတင်အာဏာသက်ဝင်လာပြီဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ ယခုကဲ့သို့ စတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၏ နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း" သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ပြည်သူ့စစ်မဟာဗျူဟာ၏သဘောသည် အမြဲတမ်းတပ်မတော်နှင့် ပြည်သူတို့အကြား အဆက်အစပ်ပင်ဖြစ်သည်။ ထို့ကြောင့် အမြဲတမ်းတပ်မတော်နှင့် ပြည်သူတို့၏အကြား အဆက်အစပ်ကို ပြည်သူ့စစ်မှုထမ်းဥပဒေက ပိုမိုခိုင်မာစေမည်ဖြစ်သည်။ ပိုမိုတည်တံ့စေမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် အကျိုးကျေးဇူးအနေဖြင့် စစ်ကိုဟန့်တားနိုင်သည့်စွမ်းရည် **(Deterrence Power)** ပိုမိုရရှိလာမည်ဖြစ်သည်။ ထို့ပြင် ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နှင့် အကျုံးဝင်နေသည့်အတွက် စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်စေနိုင်မည်ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ပြည်သူ့စစ်မဟာဗျူဟာ ပြည်သူအားလုံးပါဝင်သည့် အမျိုးသားစစ်မှုထမ်းသည့်စနစ် လိုအပ်လာသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးအင်အားနှင့် မိမိတို့ပြည်သူလူထု၏ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကို ပြသနိုင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြသနိုင်ခြင်းအားဖြင့် ပြိုင်ဘက်ရန်သူ ရန်ပြုလိုစိတ်၊ စစ်နှင့်ယှဉ်ပြိုင်လိုစိတ်များ ပျောက်ကွယ်သွားလျှင် ဟန့်တားရေးမဟာဗျူဟာအောင်မြင်မှုပင်ဖြစ်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးအတွက် ကြိုတင်အခြေအနေများ ဖန်တီးနိုင်မည်ဖြစ်ပါသည်။ နိုင်ငံလုံးဆိုင်ရာစုစည်းညီညွတ်မှုများ ပိုမိုတိုးတက်လာစေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပြည်သူတစ်ရပ်လုံးတွင် တာဝန်ရှိသည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူတိုင်းက ဂုဏ်ယူဝမ်းမြောက်စွာ အားပေးထောက်ခံကြပြီး ကျရာစစ်မှုထမ်းတာဝန်ကိုလည်း ထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် တိုင်းရင်းငါးမျိုး ငါးဖန်းမကို စမ်းသပ်သားဖောက်မှု အောင်မြင်လျက်ရှိ



နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ငါးသားဖောက်ထားမှုကို တွေ့ရစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ရှားပါးလာသည့် တိုင်းရင်းငါးမျိုးဖြစ်သော ငါးဖန်းမကို စမ်းသပ်သားဖောက်မှု အောင်မြင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး နတ်ရေကန် ငါးလုပ်ငန်းစခန်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြ၍ သိရသည်။

တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမသွားစေရေးအတွက် နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ဖမ်းယူစုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်ပေးထားကြောင်း၊ အဆိုပါ ရှားပါးလာသည့် တိုင်းရင်းငါးမျိုး ငါးဖန်းမကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှစ၍ စမ်းသပ်သားဖောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်အောင်မြင်နေပြီဖြစ်ကြောင်း၊ အဆိုပါ ငါးဖန်းမငါးမျိုးများ ပေါများလာပါက မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်များသို့ မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နတ်ရေကန်ငါးလုပ်ငန်းစခန်းကနေပြီးတော့ ရှားပါးလာတဲ့ တိုင်းရင်းငါးမျိုး ငါးဖန်းမကို စမ်းသပ်မွေးမြူ သားဖောက်ပေးခဲ့ပါတယ်။ သားဖောက်ခဲ့တာမှာလဲ ရာနှုန်းပြည့်အောင်မြင်ခဲ့ပါတယ်။ သားဖောက်ခဲ့တာဆိုရင် ငါးဖန်းမအမ ခုနစ်ကောင်၊ အထီး ၁၄ ကောင်နဲ့ စတင်သားဖောက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာဆိုရင် အကောင်ရေကတော့ ခန့်မှန်းအနည်းဆုံး ၃၀၀၀၀ ကနေ ၅၀၀၀၀ ထိရှိနေပါပြီ။ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးမျိုးတွေကို စဉ်ဆက်မပြတ်ဖမ်းဆီးစားသောက်နိုင်ဖို့၊ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတပေါများကြွယ်ဝစေဖို့၊ ဒေသခံရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့အတွက် ရည်ရွယ်တာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြသည်။

နတ်ရေကန်ငါးလုပ်ငန်းစခန်းအနေဖြင့် လက်ရှိတွင် ငါးမျိုးစိတ်ခြောက်မျိုးကို သားဖောက်ပြီး ငါးမျိုးစိုက်ထည့်ပေးလျက်ရှိကြောင်း၊ အဆိုပါငါးမျိုးများမှာ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်းတို့ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးဖန်းမကိုလည်း မျိုးထိန်းသိမ်းသည့်အနေဖြင့် မွေးမြူသားဖောက်ရာ အောင်မြင်နေပြီဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသထွက်အာလူးများ အရောင်းအဝယ်ကောင်းလာ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေး ဈေးကွက်အတွင်း အောင်ပန်းဒေသထွက် အာလူးများ အရောင်းအဝယ် ကောင်းလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ယခင်က အောင်ပန်းဒေသထွက် အာလူးများ အရောင်းအဝယ်အေးခဲ့ပြီး ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသထွက်အာလူးများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသထွက်အာလူးများ အရောင်းအဝယ်ကောင်းလျက်ရှိသည့်အပြင် တရုတ်အာလူးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ အောင်ပန်းဒေသကနေ ထွက်တဲ့အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေး ကောင်းနေတယ်။ အာလူးတွေ အဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန်ပြန်ရှားလာတယ်"ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဖေဖော်ဝါရီ ၁၂ ရက် ပေါက်ဈေးအရ အောင်ပန်းဒေသထွက်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့်ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

အာလူးကို ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် ပိုလ်စားပဲများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ပိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ လက်ရှိတွင် အဆိုပါ ပိုလ်စားပဲဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ပိုလ်စားပဲက တောင်ပေါ်ဒေသတွေကပဲထွက်ရှိပြီး သီရိမာလာကုန်စိမ်းဈေးကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်တွေက ထွက်တာမရှိတော့ပါဘူး။ တောင်ပေါ်ဒေသတွေကပဲထွက်ရှိပြီး ဈေးကွက်အတွင်းကို နေ့စဉ် ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အရင်နှစ်တွေနဲ့စာရင် နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ မုန်လာဥဖြူ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် နဘူးကျင်းကျေးရွာတွင် ၄၀၀ ပို့မာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နဘူးကျင်းကျေးရွာ၌ စီမံကိန်းအတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့်ဆောင်ရွက်သည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ခင်မာပိုနှင့် ဝန်ထမ်းများက နဘူးကျင်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာမီးလင်းရေး ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကျိုးရှိရှိ အသုံးချပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နဘူးကျင်းကျေးရွာတွင် အရှည် ၅၉၄၆ ပေရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၂၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် သိန်း ၃၃၀ စုစုပေါင်း ငွေကျပ် သိန်း ၄၅၀ ဖြင့် ကျေးရွာလူထုကိုယ်တိုင် ဇန်နဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ရာ အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၂၈ အိမ်၊ လူ ၆၄၅ ဦးတို့အတွက် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်မန္တလေးမြို့နေ ကျန်ရစ်သူ ရွှေနန်းမြင့်မိသားစုက ဓိဝိတဒါနသံဃာ့ဆေးရုံကြီး ဆောက်လုပ်ရေးနှင့် မွမ်းမံပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးမြသိန်းအား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးတင်သန်း၊ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၃၅ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၅၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ နွေစပါးဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ လက်ရှိ ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ နွေစပါးအထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ကိုလဲ ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တန့်ယန်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နမ့်ဟူးလွယ်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ မြို့နယ် စီမံကိန်းဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ နမ့်ဟူးလွယ်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားသည်။

နမ့်ဟူးလွယ်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၁ ဦးကို ငွေကျပ် ၄၃၄ ဒသမ ၇ သိန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

**သူသူ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဖေဖော်ဝါရီ ၁၃**


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းလှိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ငါးရှဉ့်ပိဿာချိန် ၅၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးရှဉ့်များတင်ပို့ရောင်းချခဲ့ရခြင်းသည် ပြည်ပဈေးကွက်သို့ တင်ပို့အားကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ဇန်နဝါရီအတွင်း ငါးရှဉ့်ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချခဲ့ရတာကလဲ ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်ယူမှု အားကောင်းလာတာကြောင့်ပါ။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် တခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ ဈေးပေါက်ကြောင်း၊ အဆိုပါဒေသတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်းဖမ်းဆီးရရှိသည့်ငါးရှဉ့်များထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုးအသီးသီး၏ ဖြပ်ရှိ၊ ဖြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ နိုင်ငံနှင့် လူမျိုးတိုင်း၏ ယဉ်ကျေးမှုဖြစ်စဉ်များသည် ခေတ်ကာလအဆင့်ဆင့်ကို ဖြတ်သန်းကြရမြဲဖြစ်ပြီး သမိုင်းစဉ်တစ်လျှောက်တွင်ရှိခဲ့သည့် အထောက်အထားများကိုဖော်ထုတ်ရာ၌ ရှေးဟောင်းသုတေသနပညာရပ်သည် အရေးပါသော ဘာသာရပ်တစ်ခုဖြစ်ပေသည်။

မြေပေါ်၊ မြေအောက် အထောက်အထားများကို ရှာဖွေတူးဖော်ကာ သမိုင်းကွင်းဆက်နှင့် ယဉ်ကျေးမှုဖြစ်စဉ်များကိုဖော်ထုတ်သည့် ရှေးဟောင်းသုတေသနပညာကို ကမ္ဘာတစ်ဝန်း၌ သင်ယူသူများတိုးတက်များပြားလာခဲ့သည်။

ဦးမြင့်အောင်(ရှေးဟောင်းသုတေသန)က ရှေးဟောင်းသုတေသနဟူသည့်ဝေါဟာရကို "ရှေးဟောင်းယဉ်ကျေးမှု၌အကျုံးဝင်သော ကျောက်ခေတ်များမှ ကျောက်လက်နက်ပစ္စည်းများမှစ၍ ကြေးခေတ်၊ သံခေတ်၊ မြို့ပြတည်ထောင်သောခေတ် စသောခေတ်အသီးသီးတွင် ထွန်းကားခဲ့သည့် လူသုံးပစ္စည်းဟူသရွေ့ကိုလည်းကောင်း၊ လူနေအိမ်ခြေမှစ၍ ကျေးရွာမြို့ပြများဆိုင်ရာ အဆောက်အအုံများ၊ စေတီပုထိုးအမျိုးမျိုးများကိုလည်းကောင်း၊ ယုတ်စွအဆုံးသင်္ချိုင်းကုန်းဟောင်းများကိုလည်းကောင်း လေ့လာသောပညာရပ်ဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

**ရှေးဟောင်းသုတေသနပညာ**

ဒေသတစ်ခု၊ နိုင်ငံတစ်ခု၏သမိုင်းကို ယေဘုယျအားဖြင့် သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဟု ခွဲခြားသည်။

စာပေအရေးအသား မပေါ်ပေါက်သေးသည့် အချိန်ကို သမိုင်းမတင်မီခေတ်ဟုလည်းကောင်း၊ စာပေအရေးအသားပေါ်ပေါက်ပြီးသည့်အချိန်ကို သမိုင်းတင်ခေတ်ဟုလည်းကောင်း သတ်မှတ်သည်။ ထို့ကြောင့် ကျောက်စာ၊ ပေစာ၊ အိုးစာ၊ ခေါင်းလောင်းစာ စသည့် သမိုင်းတင်ခေတ် စာပေအထောက်အထားများဖြင့် အတိတ်သမိုင်းတစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

စာပေအရေးအသားမရှိသေးသည့် သမိုင်းမတင်မီခေတ်အထောက်အထားများကိုမူ ရှေးဟောင်းသုတေသနတူးဖော်မှုများဖြင့်သာ ရှာဖွေဖော်ထုတ်ကြရသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် လူမျိုးအသီးသီး၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန် ရှေးဟောင်းသုတေသနပညာသည် အရေးကြီးသော ကဏ္ဍမှ ပါဝင်လာခဲ့ပေသည်။

သမိုင်းပညာရပ်က တွေ့ရှိထားသည့် အထောက်အထားများကို ရှေးဟောင်းသုတေသနတူးဖော်တွေ့ရှိချက်များနှင့် ညှိနှိုင်းအတည်ပြုနိုင်ခဲ့သည်။ တူးဖော်ရေးလုပ်ငန်းတွင် ရှာဖွေတွေ့ရှိမှုများကို မှတ်တမ်းတင်ခြင်း၊ စုဆောင်းခြင်း၊ သက်တမ်းတွက်ချက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တွေ့ရှိချက်များကို စာအုပ်စာတမ်းများ၊ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်သည်။

မြန်မာ့မြေပေါ်တွင် လွန်ခဲ့သည့် နှစ်သန်း ၄၀ က ရှိခဲ့သည့် လူတူပရိုင်းမိတ်များသည် လူသားများအဖြစ်သို့ အဆင့်ဆင့်တိုးတက်ပြောင်းလဲခဲ့ကာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်တို့ကို ဖြတ်သန်းခဲ့သည်။ သမိုင်းတင်ခေတ်တွင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တို့ပေါ်ထွန်းခဲ့သဖြင့် မြန်မာနိုင်ငံနေရာအနှံ့တွင် သမိုင်းအမွေအနှစ်များစွာကျန်ရှိခဲ့သည်။

အဆိုပါအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန် ရှေးဟောင်းသုတေသနပညာရပ်ကို စနစ်တကျသင်ယူတတ်မြောက်သည့် ပညာရှင်များနှင့် ကျွမ်းကျင်သူများလိုအပ်လာခဲ့သည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း ရှေးဟောင်းသုတေသနပညာရပ်ကို ကျယ်ပြန့်စွာ သင်ကြားသင်ယူလျက်ရှိသည်။ မိမိတို့ဘိုးဘွားများထားရစ်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များအပေါ် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်၍ တိုးတက်သောလူ့အဖွဲ့အစည်းကိုတည်ထောင်ရေးသည် ရှေးဟောင်းသုတေသနပညာရပ်၏ အဓိကရည်မှန်းချက်ဖြစ်သည်။

အဆိုပါရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် အများပြည်သူများ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့်စပ်လျဉ်းသောအသိပညာများ တိုးပွားလာစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကာကွယ်ရေးအတွက် မျိုးဆက်သစ်လူငယ်များ အသိပညာများကြွယ်ဝလာစေရန်၊ ပြုစုပျိုးထောင်ပေးရန်နှင့် ရှေးဟောင်းအမွေအနှစ်များကို အခြေခံ



ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)ကို တွေ့ရစဉ်။

သည့် ခရီးသွားလုပ်ငန်းတိုးတက်လာစေရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ကြရန် လိုအပ်ပေသည်။

**ရှေးဟောင်းသုတေသနပညာသင်ကြားပေးသည့်ဌာန**

ရန်ကုန်တက္ကသိုလ်တွင် ရှေးဟောင်းသုတေသနပညာဌာနကို ၁၉၉၄ ခုနှစ်တွင်ထူထောင်၍ ဘွဲ့ကြိုသင်တန်းနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရှေးဟောင်းသုတေသနပညာပါရဂူဘွဲ့ကို စတင်ချီးမြှင့်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြိုသင်တန်းသို့ ဒေသအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး တက်ရောက်ခဲ့ရာ ၁၉၉၈ ခုနှစ်တွင် ရှေးဟောင်းသုတေသနပညာရပ်ဝိဇ္ဇာဘွဲ့ကို အပ်နှင်းခဲ့သည်။ အဆိုပါသင်တန်းသားများသည် ယခုအချိန်တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိနေကြသည်။

ရှေးဟောင်းသုတေသနပညာရပ်ကို သင်ယူကြသူများသည် လက်တွေ့တူးဖော်မှုများကို ဆောင်ရွက်ခွင့်ရရှိပါက ပိုမိုအကျိုးရှိမည်ဖြစ်သည်။ သို့သော် ၁၉၉၄ ခုနှစ်တွင် ပုဂံ ဥပါလိသိမ်အနီး အုတ်ကုန်းဟောင်းကို တူးဖော်စဉ်က ရန်ကုန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာသင်တန်းသားများ ပါဝင်ခွင့်ရရှိခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများသည် တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်မရရှိခဲ့ချေ။

ကျောင်းသား၊ ကျောင်းသူများ၏ ကွင်းဆင်းခရီးစဉ်များတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက တူးဖော်မှုဆိုင်ရာ သင်ကြားပို့ချမှုများကိုပြုလုပ်ခဲ့သော်လည်း လက်တွေ့တူးဖော်မှု မပါရှိခဲ့ချေ။

ထို့ကြောင့် ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်မြို့ရှိ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းနှင့် ပူးပေါင်းပြီး သရေခေတ္တရာတူးဖော်မှုများတွင် ရက်အလိုက် ပါဝင်ဆောင်ရွက်စေခဲ့သည်။

ရှေးဟောင်းသုတေသနပညာရပ်ကို ကျယ်ပြန့်စွာ သင်ကြားပို့ချနိုင်ရန် ရှေးဟောင်းသုတေသနပညာဌာနကို ၁၉၉၈ ခုနှစ်တွင် ဒဂုံတက္ကသိုလ်၌လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ကာ မျိုးဆက်သစ်များကို မွေးထုတ်ခဲ့သည်။

**ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)**

ပညာရေးဝန်ကြီးဌာနက ရှေးဟောင်းသုတေသနမျိုးဆက်သစ်များကို မွေးထုတ်နေသကဲ့သို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကလည်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် ပူးပေါင်းပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းကို ပြည်မြို့၌ဖွင့်လှစ်၍ ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ တစ်နှစ်သင်တန်းကို နှစ်စဉ်ပို့ချလျက်ရှိသည်။

သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် မဟာဝိဇ္ဇာဘွဲ့သင်တန်းကို ဆက်လက်သင်ယူနိုင်ကြကာ မိမိတို့အောင်မြင်မှု အရည်အချင်းအလိုက် ပါရဂူဘွဲ့သင်တန်းထိ တက်ရောက်ခွင့်ပြုသည်။

ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာ တစ်နှစ်သင်တန်းတွင် ဘာသာရပ် ၁၃ ခုအပြင် ဌာနတွင်းနှင့် ပြည်တွင်း၊ ပြည်ပပညာရှင်များက စာတွေ့၊ လက်တွေ့သင်ခန်းစာများကို အခါအားလျော်စွာပို့ချပေးလျက်ရှိကာ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သင်တန်းတွင် ရှေးဟောင်းသုတေသနကွင်းဆင်းတူးဖော်မှုနည်းပညာ၊ ရှေးဟောင်းသုတေသနဆိုင်ရာသိပ္ပံပညာရပ်များ၊ သမိုင်းမတင်မီကာလ ရှေးဟောင်းသုတေသနပညာ၊ အကြိုသမိုင်းကာလ ရှေးဟောင်းသုတေသနပညာ၊ သမိုင်းတင်ကာလ ရှေးဟောင်းသုတေသနပညာ၊ ခေတ်ဟောင်းအနုပညာနှင့်ဗိသုကာပညာ၊ ကျောက်စာနှင့်ဒင်္ဂါးများလေ့လာမှုပညာ၊ ခေတ်ဟောင်းအနုပညာနှင့် ရုပ်တုဗေဒ၊ ပြတိုက်ပညာ၊ အဆောက်အအုံထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတုဗေဒနည်းဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊ အမျိုးသားယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် လက်တွေ့ကွင်းဆင်းတူးဖော်မှု ပညာရပ်များကို ပို့ချပေးသည်။

သင်တန်းသားများသည် ရှေးဟောင်းနေရာတစ်ခုကိုမတူးဖော်မီ ပဏာမကွင်းဆင်းလေ့လာမှု၊ လက်တွေ့တူးဖော်သုတေသနပြုလုပ်မှု၊ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ရှေးဟောင်းအမွေအနှစ်နယ်မြေဒေသများသို့ ကွင်းဆင်းလေ့လာမှုတို့ကို စာတွေ့၊ လက်တွေ့သင်ယူကြရပြီး ကွင်းဆင်းအစီရင်ခံစာ၊ တူးဖော်မှုအစီရင်ခံစာ၊ ဘွဲ့ယူစာတမ်းကို ရေးသားပြုစုကြရသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)ကို ဖွင့်လှစ်ခဲ့သည်မှာ ၁၉ နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ သင်တန်းကျောင်းကို ကိုဗစ်ရောဂါဖြစ်ပွားခဲ့သည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှလွဲ၍ နှစ်စဉ်ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။ ထို့ကြောင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ထိ ဒီပလိုမာဘွဲ့ရရှိသူ ၃၉၃ ဦး ပေါ်ထွက်ခဲ့ကာ မျိုးဆက်သစ်ရှေးဟောင်းသုတေသနပညာသည်များအဖြစ် မွေးထုတ်နိုင်ခဲ့ပေသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)(Field School of Archaeology)တွင် နှစ်စဉ်ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ တစ်နှစ်သင်တန်းသို့ ဘွဲ့တစ်ခုခုရရှိထားပြီးသူတိုင်း လျှောက်ထားနိုင်သည်။ လျှောက်ထားသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုကြရပြီး အောင်မြင်ကြသူများသည် နှစ်စဉ်နိုဝင်ဘာလတွင် စတင်တက်ရောက်ကြရသည်။ ထို့အတူ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသူများကို အလှည့်ကျတက်ရောက်စေသည်။

သင်တန်းကာလ ၁၀ လအတွင်း စာတွေ့၊ လက်တွေ့ သင်ကြားကြရပြီး ပထမနှစ်ဝက်စာမေးပွဲနှင့် ဒုတိယနှစ်ဝက်စာမေးပွဲများကို ဖြေဆိုကြရသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းမှ ဒီပလိုမာသင်တန်း စာမေးပွဲဖြေဆိုအောင်မြင်သူများကို ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့(P.G.D.A.A) (Post Graduate Diploma in Applied Archaeology) ကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

မဟာဝိဇ္ဇာသင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူများသည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် မဟာဝိဇ္ဇာ(ရှေးဟောင်းသုတေသနပညာ)သင်တန်းတက်ရောက်ရန် မဟာဝိဇ္ဇာဝင်ခွင့်စာမေးပွဲကို ဖြေဆိုကြရသည်။ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ်၌ မဟာဝိဇ္ဇာသင်တန်းမှစတင်၍ မိမိတို့အောင်မြင်မှုအရည်အချင်းအလိုက် ပါရဂူဘွဲ့သင်တန်းထိ တက်ရောက်ခွင့်ရှိသည်။ လက်ရှိအချိန်တွင်လည်း ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းဆင်း သင်တန်းသားတချို့သည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် ဘွဲ့လွန်သင်တန်းအသီးသီးကို တက်ရောက်သင်ယူလျက်ရှိနေကြပေသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)သည် ရှေးဟောင်းသုတေသနမျိုးဆက်သစ်များ စနစ်တကျမွေးထုတ်နိုင်ခဲ့ကာ သင်တန်းဆင်းအများစုသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအပါအဝင် ရှေးဟောင်းသုတေသနဘာသာရပ်နှင့်နှီးနွယ်သည့် အလုပ်ဌာန၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပေသည်။

လက်ရှိအချိန်တွင် ဒေါက်တာမင်းဆွေ(ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး)၊ ဦးဟံရှိန်(ဒုတိယကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး)တို့ ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းမှုဖြင့် ရှေးဟောင်းသုတေသနပညာမျိုးဆက်သစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိနေပေသည်။

**ကိုးကား**


- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)(၁၁)**
- **မြန်မာ့ရှေးဟောင်းသုတေသနပညာအတွက် ဆောင်ရွက်ချက်များ (ဦးမြင့်အောင်)**
- **ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း ၁၀ နှစ်ပြည့်စာစောင်**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံ ၇၀၄၄၈ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၀၄၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံ ၇၁၉၄၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆောင်းသီးနှံစုံ ၇၀၄၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော ဆောင်းသီးနှံစုံ ၇၀၄၄၈ ဧကတွင် မြေပဲ ၃၃၇ ဧက၊ ဖူးစားပြောင်းခြောက်ဧက၊ နှမ်း ၁၂ ဧက၊ နေကြာ ၂၄၃၇ ဧက၊ ပိုက်ဆန်လျှော် ဧက ၂၅၀၀၊ မတ်ပဲ ၂၈၉၃၂ ဧက၊ ပဲတီစိမ်း ၃၂၉၆၅ ဧက၊ ဗိုလ်ကိတ်ပဲ ၄၃၈ ဧက၊ ငရုတ် ၁၆၃၇ ဧက၊ ဟင်းသီးဟင်းရွက် ၁၁၈၄ ဧကဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ ဆောင်းသီးနှံစုံ ၇၁၉၄၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ၇၀၄၄၈ ဧကစိုက်ပျိုးပြီးစီးပါပြီ။ ဆောင်းသီးနှံတွေ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ လုပ်နေပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ အတွက် နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားပါတယ်။ ဆောင်းသီးနှံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့အသီးအနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်” ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မိုးနဲမြို့နယ် ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုးနဲ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်လိုင်ကျေးရွာအုပ်စု ခဲတောင်ကြီးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးနှင့် တာဝန်ရှိသူများက ခဲတောင်ကြီးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

ခဲတောင်ကြီးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့်တစ်ပေ၊ သဲဖြူနှံး အမြင့် ကိုးလက်မခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့်ကျေးရွာသူ၊ ကျေးရွာသားများစုပေါင်း၍ ၂၀၂၃ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၇၃ အိမ်၊ လူ ၄၃၃ ဦးတို့၏ လယ်ယာမြေ ၃၈၃ ဧကမှ ထွက်ရှိသောစိုက်ပျိုးသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မောင်ရိုင်**

## မာရဝိဇယ မြတ်ဗုဒ္ဓ

\- ငါးမာရ်အောင် မြတ်ဇိန
မာရဝိဇယ ရုပ်ပွားတော်၊
လက္ခဏာတော် ညီစွာစစ်
ထုဆစ်ပူဇော်၊
ဘူမိဖဿ မုဒြာတော်
ရှိကော်ရော် ညွတ်တွား၊
များဝေနေ ပီတိပွား
အေးနိမိတ် ပေါ်ထင်ရှား
ဖူးမြော်လာ မြန်ပြည်တစ်လွှား
နေ့ည စည်ကား။

\- လေးရပ်သော ရည်ရွယ်ချက်
လေးအနက် ရှုမျှော်ကာ၊
ကိုးကွယ်ရာ သဒ္ဓါတရား
ဆပွားပေါ်လာ၊
မြတ်နိုးမှု ကိုးကွယ်ရာ
မြန်မာမှာ ထေရဝါဒ၊
ခိုင်မာစွာ ထွန်းတောက်ပ
ကြီးမြတ်သည့် သာဓက
ကမ္ဘာကိုပြ။

\- ထေရဝါဒ ကိုးကွယ်မှု
ဗဟိုပြု ချက်အချာ၊
စည်ပင်ကာ ကမ္ဘာတစ်လွှား
ပြန့်ပွားစေရာ၊
မြတ်ဗုဒ္ဓ အေးမေတ္တာ
ရိပ်ဆာယာ ခိုဝင်နား၊
နိုင်ငံသူ နိုင်ငံသား
ပြည်ထောင်စု သွေးချင်းများ
ချမ်းမြေ့ပျော်ပါး။

\- ငြိမ်းချမ်းမှု မေတ္တာတရား
အလေးထား တို့ဘာသာ၊
ကိုယ်ချင်းစာ ဘယာဝေး
ငြိမ်းအေးစေရာ၊
မျှဝေလို့ ဆုခြွေကာ
ပို့မေတ္တာ သီတာအလား၊
ကမ္ဘာရွာ အနှံ့အပြား
ငြိမ်းအေးစေသား။ ။

**ကျော်စောဟန်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိ

**ဗန်ကောက် ဖေဖော်ဝါရီ ၁၃**

ထိုင်း ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် ခြောက်လကြာ ထိန်းသိမ်းခံခဲ့ရပြီးနောက် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိထားပြီးဖြစ်ကြောင်း လက်ရှိ ထိုင်းဝန်ကြီးချုပ် ဆရက်ထာ ထာဗီဆင်က ယနေ့တွင် အတည်ပြု ပြောကြားထားသည်။

ထိုင်းနိုင်ငံ၏ အထင်ရှားဆုံး ဝန်ကြီးချုပ်အဖြစ်ရပ်တည်ခဲ့သော အသက် ၇၄ နှစ်အရွယ် သက်ဆင်သည် ၎င်းအပေါ် ချမှတ်ထားသည့် အဂတိလိုက်စားမှုပြစ်ဒဏ်ကို ရှောင်ရှားရေးအတွက် ပြည်ပနိုင်ငံများ၌ ၁၅ နှစ်ကြာနေထိုင်ခဲ့ပြီး နောက်ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ မမျှော်လင့်ဘဲ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းသည် သက်ဆင်အပေါ် အဂတိလိုက်စားမှုအတွက် ချမှတ်ထားသည့် ထောင်ဒဏ်ရှစ်နှစ်ကို တစ်နှစ်သို့ လျှော့ချပေးထားပြီးဖြစ်သည်။

သို့သော် ဝန်ကြီးချုပ်ဟောင်း သက်ဆင်အနေဖြင့် လက်ကျန်ထောင်ဒဏ်ကာလအတွင်းကျန်းမာရေးအခြေအနေကြောင့် ဆေးရုံပေါ်တွင် ခြောက်လကြာနေခဲ့ရပြီးနောက် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ပြီဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ဆရက်ထာထာဗီဆင်က အတည်ပြုပြောကြားခဲ့သည်။

ထိုင်းမီဒီယာများ၏အဆိုအရ အသက်အရွယ်ကြောင့် သို့မဟုတ် ကျန်းမာရေး အခြေအနေကြောင့် ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ရထားသူဦးရေ ၉၃၀ ကျော်ထဲတွင် သက်ဆင်လည်း ပါဝင်ကြောင်း သိရသည်။

သက်ဆင်အနေဖြင့် ဖေဖော်ဝါရီ ၁၈ ရက်နောက်ပိုင်းတွင် ပြန်လွတ်လာနိုင်သည်ဟု ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## ဇာကွန်အမျိုးအစားဟိုက်ပါဆိုးနစ်ဒုံးကျည်ကို ကီယက်ဗ်မြို့ပစ်မှတ်များအား တိုက်ခိုက်ရာတွင် ပထမဆုံးအကြိမ် ရုရှားအသုံးပြုခဲ့



**ကီယက်ဗ် ဖေဖော်ဝါရီ ၁၃**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကီယက်ဗ်မြို့ ပစ်မှတ်များကို တိုက်ခိုက်ရာတွင် ရုရှားစစ်ဘက်က ဇာကွန်အမည်ရှိ အသံထက်မြန်နှုန်းလွန်ဟိုက်ပါဆိုးနစ် ဒုံးကျည်ကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း စစ်လက်နက်ကျွမ်းကျင်သူများက ဖေဖော်ဝါရီ ၁၂ ရက်တွင် အတည်ပြု ပြောကြားထားကြောင်း သိရသည်။

ကီယက်ဗ်မြို့ ပစ်မှတ်များကို ဖေဖော်ဝါရီ ၇ ရက်က တိုက်ခိုက်ခဲ့ရာတွင် ရုရှားနိုင်ငံသည် ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို ပထမဆုံးအကြိမ်အသုံးပြုခဲ့ကြောင်းယူကရိန်းအစိုးရ မှုခင်းစစ်ဆေးရေးသိပ္ပံသုတေသနအင်စတီကျုမှကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရသည်။

မိမိတို့၏အပြီးသတ်စစ်ဆေးမှုအရ ဖေဖော်ဝါရီ ၇ ရက်တိုက်ခိုက်မှုတွင်အသုံးပြုခဲ့သည့် ဒုံးကျည်တစ်စင်းတွင် ၃ အမ် ၂၂ ဇာကွန်ဒုံးကျည်တစ်စင်း၏ အမှတ်အသားလက္ခဏာများ တွေ့ထားရကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားအနေဖြင့် ဖေဖော်ဝါရီ ၇ ရက်တိုက်ခိုက်မှုတွင် ဇာကွန်ဒုံးကျည်ကို အသုံးပြုခဲ့ကြောင်း အတည်ပြုနိုင်ပါက ရုရှားလေကြောင်းတိုက်ခိုက်မှုများကို တားဆီးရန် ရုန်းကန်နေရသော ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးတပ်များအတွက် ပြဿနာသစ်တစ်ရပ် ပေါ်လာနိုင်သည်။

ဇာကွန်ဒုံးကျည်များသည် အသံ၏မြန်နှုန်းထက် ကိုးဆပိုသည့် မြန်နှုန်းဖြင့်အကွာအဝေး ၆၂၅ မိုင်ထိပျံသန်းနိုင်စွမ်းရှိရာ လေကြောင်းရန်ကာကွယ်ရေးစနစ်များပြန်လည်တုံ့ပြန်သောအချိန်ကာလကိုများစွာ လျှော့ချပစ်နိုင်ကြောင်း စစ်ရေးကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဇာကွန်ဒုံးကျည်စမ်းသပ်မှုများကို ၂၀၂၂ ခုနှစ် ဇွန်လကပင် အပြီးသတ်လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အက်စတိုးနီးယားဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ လစ်သူယေးနီးယားယဉ်ကျေးမှုဝန်ကြီးတို့ကို အလိုရှိတရားခံစာရင်း၌ ရုရှားရဲတပ်ဖွဲ့ ထည့်သွင်း

**မော်စကို ဖေဖော်ဝါရီ ၁၃**

အက်စတိုးနီးယား ဝန်ကြီးချုပ် ကာဂျာကယ်လ်လက်စ်၊ အက်စတိုးနီးယားနိုင်ငံခြားရေးဝန်ကြီး တိုင်မာပီတာကော့ဗ်နှင့်လစ်သူယေးနီးယားယဉ်ကျေးမှုဝန်ကြီး ဆိုင်မွန်နက်စ်ကိုင်ရီတို့ကို ရုရှားရဲတပ်ဖွဲ့က အလိုရှိတရားခံများ စာရင်းတွင် ထည့်သွင်းထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အက်စတိုးနီးယားဝန်ကြီးချုပ် ကာဂျာကယ်လ်လက်စ်ကို သမိုင်းအမှတ်တရများအားဖျက်ဆီးမှုဖြင့် ရုရှားရဲတပ်ဖွဲ့က အလိုရှိတရားခံစာရင်းအတွင်း ထည့်သွင်းထားခြင်းဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

အက်စတိုးနီးယားအာဏာပိုင်များသည် ဆိုဗီယက်စစ်သည် အထိမ်းအမှတ်ရုပ်တုများကို ဖျက်ဆီးနေကြောင်း ရုရှားတာဝန်ရှိသူများက စွပ်စွဲထားသည်။

အက်စတိုးနီးယား ဝန်ကြီးချုပ်ကဲ့သို့ပင် အက်စတိုးနီးယားနိုင်ငံခြားရေးဝန်ကြီးတိုင်မာပီတာကော့ဗ်နှင့် လစ်သူယေးနီးယားယဉ်ကျေးမှုဝန်ကြီး ဆိုင်မွန်နက်စ်ကိုင်ရီတို့ကိုလည်း ရုရှားရဲတပ်ဖွဲ့က အလိုရှိတရားခံစာရင်းထဲ၌ ထည့်သွင်းထားသည်။

နာဇီဝါဒနှင့် ဖက်ဆစ်ဝါဒတို့ရန်မှ ကမ္ဘာကြီးကို ကယ်ထုတ်ပေးခဲ့သော စစ်သည်တော်များ၏ အထိမ်းအမှတ်များအား ဖျက်ဆီးမှုကို ရုရှားနိုင်ငံအနေဖြင့် တုံ့ပြန်အရေးယူမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စု၌ ပါဝင်ခဲ့ဖူးသော အက်စတိုးနီးယား အပါအဝင် ဘောလ်တစ်ဒေသနိုင်ငံများသည် ဆိုဗီယက်ခေတ် အထိမ်းအမှတ်များ ဖျက်ဆီးရေး အစီအစဉ်ကို ကြေညာထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ကိုကင်းမူးယစ်ဆေးဝါး ရှစ်တန်ကို စပိန်ရဲတပ်ဖွဲ့ ဖမ်းဆီးနိုင်ခဲ့

**မက်ဒရစ် ဖေဖော်ဝါရီ ၁၃**

ဆူရီနမ်နိုင်ငံမှ ဝင်ရောက်လာသော ကိုကင်းမူးယစ်ဆေးဝါးရှစ်တန်ကို စပိန်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကိုကင်းမူးယစ်ဆေးဝါးများကို စပိန်နိုင်ငံတောင်ပိုင်း အယ်လ်ဂျီစီးရက်စ် ဆိပ်ကမ်း၌ မီးစက်တစ်လုံး သဖွယ်အသွင်ဖျောက်ထားသည့် ကုန်သေတ္တာတစ်လုံးထဲတွင် ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည့် ကိုကင်းမူးယစ်ဆေးဝါးပမာဏသည် စပိန်နိုင်ငံက ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့သမျှ ကိုကင်းမူးယစ်ဆေးဝါးများအနက် အများဆုံးဖြစ်သည်။

အဆိုပါကိုကင်းမူးယစ်ဆေးဝါးများသည် ဆူရီနမ်နိုင်ငံမှတစ်ဆင့် ပနားမားနိုင်ငံ၊ထိုမှတစ်ဆင့် အယ်လ်ဂျီစီးရက်စ်ဆိပ်ကမ်းသို့ရောက်လာခြင်းဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

၎င်းကိုကင်းမူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်မှုတွင် ပါဝင်သူများအဖြစ် ယူဆရသူ သုံးဦးကို စပိန်ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

မူးယစ်မှောင်ခိုသမားများသည် ယင်းကိုကင်းများကို ပေါ်တူဂီနိုင်ငံသို့ ဆက်လက်ပို့ဆောင်ရန်ရည်ရွယ်ထားကြောင်း စပိန်ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

**Ref : Xinhua**

**Trs : KKO**

## နယူးယောက်မြေအောက်ရထားတွဲပေါ်၌ ခရီးသည်အုပ်စုနှစ်စုကြား ခိုက်ရန်ဖြစ်ပွား

**နယူးယောက် ဖေဖော်ဝါရီ ၁၃**




အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြေအောက်ရထားတစ်စီးပေါ်၌ ဖေဖော်ဝါရီ ၁၂ ရက်က ခရီးသည်အုပ်စုနှစ်စုကြား ခိုက်ရန်ဖြစ်ပွားခဲ့ရာ နောက်ဆက်တွဲအဖြစ် သေနတ်ပစ်ခတ်မှုများကြောင့်တစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မြေအောက်ရထားစီးခရီးသည် အုပ်စုနှစ်စုကြားရန်ပွဲသည် နယူးယောက်မြို့ ဘရွန့်စ်ရပ်ကွက်ရှိ မြေအောက်ဘူတာရုံတစ်ရုံ၏ဘူတာစင်္ကြံနှင့် ရထားတွဲပေါ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ခရီးသည်အဖွဲ့ နှစ်ဖွဲ့ ရန်ပွဲအတွင်း သေနတ်ပစ်ခတ်မှုကြောင့် ဘူတာစင်္ကြံ ပေါ်ရှိ အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာများ ရခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုအတွင်း သေဆုံးသူနှင့် ဒဏ်ရာရသူများမှာ အသက် ၁၄ နှစ်နှင့် ၇၁ နှစ်ကြားအသီးသီးရှိသော အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ဖြစ်ကြသည်။

လက်ရှိအချိန်တွင် သေနတ်ပစ်ခတ်မှုကျူးလွန်သူမှာ ထွက်ပြေးလွတ်မြောက်လျက်ရှိရာ ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။

ဘရွန့်စ်ဘူတာရုံရန်ပွဲ၌ ပါဝင်ခဲ့ကြသည့် ခရီးသည်များမှာ ဆယ်ကျော်သက်လူငယ်များဖြစ်ကြသည်ဟု နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂြိုဟ်သိမ်တစ်စင်း၏မျက်နှာပြင်ပေါ်ရှိ ရေမော်လီကျူးများကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေဖော်ထုတ်နိုင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

ဂြိုဟ်သိမ်တစ်စင်း၏ မျက်နှာပြင်ပေါ်ရှိ ရေမော်လီကျူးများကို သိပ္ပံပညာရှင်များက ပထမဆုံး အကြိမ်အဖြစ် ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များနှင့် ဂျာမနီသိပ္ပံပညာရှင်များသည် ဆိုဖီယာအမည်ရှိ လေယာဉ်ရေဒီယို တယ်လီစကုပ်ဖြင့် ဆီလီကိတ်ဖြစ်ပေါင်းကြွယ်ဝသည့် ဂြိုဟ်သိမ် လေးစင်းကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ ဂြိုဟ်သိမ်လေးစင်းအနက် နှစ်စင်းပေါ်တွင် ရေမော်လီကျူးများတည်ရှိမှု၏ လက္ခဏာများကို တွေ့ရှိထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရေမော်လီကျူးများ ရှာဖွေတွေ့ရှိခဲ့သည့် ဂြိုဟ်သိမ်နှစ်စင်းမှာ အိုင်းရစ်အမည်ရှိ ဂြိုဟ်သိမ်နှင့် မက်ဆာလီယာအမည်ရှိ ဂြိုဟ်သိမ်တို့ဖြစ်ကြောင်း သိရသည်။

ဆိုဖီယာလေယာဉ် ရေဒီယိုတယ်လီစကုပ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်း ဥက္ကာချိုင့်ဝှမ်းတစ်ခုအတွင်းရှိ ရေမော်လီကျူးများကိုလည်း ရှာဖွေဖော်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဆိုဖီယာလေယာဉ် ရေဒီယိုတယ်လီစကုပ်သည် အထူးပြုပြင်ထားသည့် ဘိုးရင်းလေယာဉ်တစ်စင်းပေါ်တွင် တပ်ဆင်ထားသော တယ်လီစကုပ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**


## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို မှတ်တမ်းတင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် နေကြတ်မှုဖြစ်စဉ်တစ်ရပ်ကို မှတ်တမ်းတင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် မှတ်တမ်းတင်နိုင်ခဲ့သည့် အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်သည် ဖေဖော်ဝါရီ ၈ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါအင်္ဂါဂြိုဟ်နေကြတ်မှုသည် အင်္ဂါဂြိုဟ် ဂြိုဟ်ရံလတစ်စင်းဖြစ်သော ဖိုးဘော့စ်ဂြိုဟ်ရံလ နေမျက်နှာပြင်ကို ရှေ့တည့်တည့်မှ ဖြတ်သန်းစဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဖေဖော်ဝါရီ ၈ ရက် အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် Mastcam-Z အမည်ရှိကင်မရာစနစ်ဖြင့် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

ဖိုးဘော့စ်ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ကို မိုင်ပေါင်း ၃၇၀၀ ကျော်အကွာမှတစ်ဆင့် လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

၎င်းဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ဆီသို့ တဖြည်းဖြည်းတိုးဝင်လျက်ရှိရာ တစ်ချိန်ချိန်တွင် အင်္ဂါဂြိုဟ်ဖြင့်ဆွဲအား သက်ရောက်မှုကြောင့် ပြိုကွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အမေရိကန်ကုမ္ပဏီတစ်ခုကလွှတ်တင်မည့် လဆင်းယာဉ်က နာဆာ၏လမျက်နှာပြင်လေ့လာရေးကင်မရာငယ်များကို သယ်ဆောင်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

Intuitive Machines အမည်ရှိ အမေရိကန် ကုမ္ပဏီတစ်ခုက လွှတ်တင်မည့် လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လမျက်နှာပြင်လေ့လာရေး ကင်မရာငယ်များကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

Intuitive Machines ကုမ္ပဏီသည် အဆိုပါ လဆင်းယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် လွှတ်တင်မည်ဖြစ်သည်။

အိုဒက်ဆပ်စ်အမည်ရှိ အဆိုပါ လဆင်းယာဉ်သည် စူးစမ်းလေ့လာရေးကင်မရာ ၁၂ ခုသယ်ဆောင်သွားမည်ဖြစ်ရာ ခြောက်ခုမှာ နာဆာ၏ ကင်မရာစနစ်များဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

လမျက်နှာပြင်ပေါ် ဆင်းသက်မှု အောင်မြင်ခဲ့ပါက အိုဒက်ဆပ်စ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် အောင်မြင်စွာဆင်းသက်နိုင်ခဲ့သော ပထမဆုံးပုဂ္ဂလိက လဆင်းယာဉ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိတွင် မည်သည့်ပုဂ္ဂလိကအာကာသကုမ္ပဏီကမျှ လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်များစေလွှတ်ရာတွင် အောင်မြင်မှုမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အာထရာဆောင်းဖြင့် သန္ဓေသားစစ်ဆေးခြင်းက မွေးဖွားချိန်ကိုယ်အလေးချိန်နည်းပါးမှုကို ဖော်ထုတ်နိုင်

**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၃**

အာထရာဆောင်း စစ်ဆေးနည်းဖြင့် ချက်ကြိုးနှင့်သန္ဓေသားတို့ သွေးစီးဆင်းမှုကို တိုင်းတာခြင်းသည် မွေးဖွားချိန် ကိုယ်အလေးချိန်ပုံမှန်ထက်နည်းပါးမှုနှင့် ဆက်စပ်နေသည့် ပြဿနာများကိုဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

အာထရာဆောင်း စစ်ဆေးနည်းဖြင့် မိခင်ဝမ်းအတွင်းရှိ သန္ဓေသားများကို စစ်ဆေးခြင်းက မည်သည့်ကလေးမျိုးတွင် ချက်ကြိုးပြဿနာကြောင့် မွေးဖွားချိန် ကိုယ်အလေးချိန် နည်းပါးနိုင်သည်ကို ဖော်ထုတ်နိုင်ကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

သန္ဓေသားဖွံ့ဖြိုးမှုကို စစ်ဆေးရေးအတွင်း ဆေးပညာရှင်များသည် ရှေးယခင်ကပင် အာထရာဆောင်း စစ်ဆေးနည်းကို အသုံးပြုခဲ့ကြသည်။

သို့ရာတွင် နယ်သာလန်သုတေသန ပညာရှင်များ၏ အဆိုအရ Doppler Ultrasound ခေါ် အာထရာဆောင်း စစ်ဆေးနည်းတစ်မျိုးသည် ချက်ကြိုးအတွင်းရှိ သွေးကြောများအခြေအနေကို ပို၍ အသေးစိတ် လေ့လာနိုင်ကြောင်း သိရသည်။

ချက်ကြိုး၌ မူမမှန်မှုများရှိခဲ့ပါက သန္ဓေသားအတွက် အောက်ဆီဂျင်ပြတ်လပ်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Doppler Ultrasound စနစ်သည် ဖွံ့ဖြိုးမှုနည်းသည့်သန္ဓေသားများကို ဖော်ထုတ်ပေးနိုင်ကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## အတ္တလန္တိတ်ဓာတ်စာပုံစံက သွေးအတွင်း ကိုလက်စထရောပါဝင်မှုနှင့် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၃**

အတ္တလန္တိတ်ဓာတ်စာ (Atlantic Diet)ပုံစံသည် သွေးအတွင်းကိုလက်စထရောပါဝင်မှုနှုန်းနှင့် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

စပိန်နိုင်ငံမှ သုတေသနပညာရှင်များသည် မိသားစု ၂၀၀ ကျော်တို့ဖြင့် အတ္တလန္တိတ်ဓာတ်စာပုံစံ ဝှက်သတ္တိများကို ဖော်ထုတ်ရန် ကြိုးစားခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အတ္တလန္တိတ်ဓာတ်စာပုံစံသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်သလို ကိုယ်အလေးချိန်ကိုလည်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အတ္တလန္တိတ်ဓာတ်စာပုံစံသည် ဇီဝရုပ်ဓာတုပြောင်းလဲမှုပြဿနာများကို လျှော့ချရာတွင် မြေထဲပင်လယ်ဓာတ်စာပုံစံထက်ပင် ပို၍ထိရောက်နိုင်ကြောင်း စပိန်သုတေသန ပညာရှင်များက ပြောကြားသည်။

အတ္တလန္တိတ်ဓာတ်စာပုံစံသည် စပိန်နှင့် ပေါ်တူဂီတို့၌ အစားများသည့်ဓာတ်စာပုံစံဖြစ်ပြီး ချက်ပြုတ်ထားသည့်ဟင်းများနှင့် ကင်ထားသည့် အစားအစာများ၊ ရေလုံပြုတ်အစားအစာများကို အခြေခံသည့် ဓာတ်စာများဖြစ်သည်။

အတ္တလန္တိတ်ဓာတ်စာပုံစံသည် ဇီဝရုပ်ဓာတု ပြောင်းလဲမှုပြဿနာမရှိသေးသူများ စားသုံးပါက ပို၍ အကျိုးရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးမိုရာတာ ဒူးဒဏ်ရာကြောင့် သုံးပတ်ခန့်အနားယူရမည်ဟု အေတီကိုအသင်းပြောကြား

**မက်ဒရစ် ဖေဖော်ဝါရီ ၁၃**

လာလီဂါ အမှတ်ပေးပြိုင်ပွဲအဖြစ် ဆီဗီလာအသင်းနှင့်အေတီကိုအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး မိုရာတာအနေဖြင့် ညာဘက်ဒူးဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တသုံးပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း အေတီကိုအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

မိုရာတာသည် ဆီဗီလာအသင်းနှင့်ပွဲစဉ်၌ ပွဲကစားချိန် ဒုတိယပိုင်းအစတွင် ဒူးဒဏ်ရာကြောင့် တိုက်စစ်မှူးဒီပေးနှင့် လူစားလဲခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာအခြေအနေမှာ သုံးပတ်ခန့်အနားယူရမည်ဖြစ်၍ လာမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် အင်တာမီလန်အသင်းနှင့်ကစားရမည့် ချန်ပီယံလိဂ်ပထမအကျော့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကာ မတ် ၁၃ ရက်တွင် ကစားမည့် ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မိုရာတာသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုးငါးဂိုးထိသွင်းယူနိုင်ခဲ့သဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၎င်းမပါနိုင်သည့် ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်တွင် အေတီကိုအသင်းတိုက်စစ်ပိုင်းအတွက် အခက်တွေ့နိုင်ဖွယ်ရှိပြီး အသင်းအနေဖြင့် မိုရာတာ ပြန်လည်ကစားနိုင်မည့်အချိန်ကို အတိအကျထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူး မိုရာတာသည် ယခုနှစ်ဘောလုံးရာသီ အေတီကိုအသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ အမှတ်ပေးပွဲ ၂၂ ပွဲတွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် လာလီဂါဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းသည် ဆီဗီလာအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲကစားအပြီးတွင် ရမှတ် ၄၈ မှတ်ရရှိခဲ့ပြီး အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ် ပွဲစဉ်(၂၄)အဖြစ်ကစားခဲ့သည့် ပဲလေ့စ်အသင်းနှင့်ချဲလ်ဆီးအသင်းတို့ပွဲစဉ်တွင် ချဲလ်ဆီးအသင်းက နောက်ကျသွင်းဂိုးများဖြင့် သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် ပဲလေ့စ်အသင်းနည်းပြ ရွိုင်ဟော့ဆန်၏ ရာထူးတည်မြဲရေးမှာ မရေရာမှုများရှိလာခဲ့ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- လေဗာကူဆင်အသင်းတွင် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဘွန်နီဖေ့၊ ကွင်းလယ်ကစားသမား ဝစ်ဇ်တို့အပါအဝင် ကစားသမားငါးဦးထိ ပရီးမီးယားလိဂ်ကလပ်အသင်းများကခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- ချဲလ်ဆီးအသင်းတွင် မပျော်ရွှင်တော့ကြောင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်က ထုတ်ဖော်ပြောကြားခဲ့ပြီး ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရန် ချိတ်ဆက်နေကြောင်း သိရသည်။

**ML**

# ကွင်းလယ်ကစားသမားကာမာရာ ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု အေဗီလာအသင်းထုတ်ပြန်



**လန်ဒန် ဖေဖော်ဝါရီ ၁၃**

ပြီးခဲ့သည့် တနင်္ဂနွေက ကစားခဲ့သည့် အေဗီလာအသင်းနှင့် မန်ယူတို့၏ အမှတ်ပေးပွဲစဉ်တွင် အေဗီလာအသင်း ကွင်းလယ်ကစားသမား ကာမာရာသည် ဒူးအရွတ် ထိခိုက်ဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု အသင်းကထုတ်ပြန်ခဲ့သည်။

ယင်းပွဲစဉ်တွင် အေဗီလာအသင်းသည် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်နေသည့်အချိန် ပွဲကစားချိန် ၆၅ မိနစ်အရောက်တွင် ကာမာရာအနေဖြင့် ဒူးဒဏ်ရာကြောင့် အသင်းဖော်ကစားသမား ဒီယာဘီနှင့် လူစားလဲထွက်ခွာခဲ့ရကာ အသင်းအနေဖြင့် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း မန်ယူအသင်းကို ဦးဆောင်ဂိုးထပ်မံခွင့်ပြုပေးရသဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။

အေဗီလာအသင်း အနေဖြင့် ကာမာရာ၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒူးအရွတ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် ခြောက်လခန့်အနားယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ကစားသမားအနေဖြင့် လာမည့် ဇွန်လတွင်ကစားရမည့် ယူရို ၂၀၂၄ ပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြအမ်မရီ အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အေဗီလာအသင်းကို အမှတ်ပေးဇယား အဆင့်(၄)သို့ ရောက်ရှိအောင် စွမ်းဆောင်ခဲ့ရာတွင် ကာမာရာသည် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ယခုအခါ ၎င်းအနေဖြင့် ဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်၍ ကွင်းလယ်ပိုင်းတွင် အခက်အခဲရှိလာနိုင်ဖွယ်ရှိသည်။

လက်ရှိတွင် အေဗီလာအသင်းသည် အဓိကကစားသမားများဖြစ်သည့် ခံစစ်ကစားသမား တိုင်ရီမင့်နှင့် တောင်ပံကစားသမား ဘူအန်ဒီယာတို့ကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရပြီးနောက် ကာမာရာကို ထပ်မံလက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# TaylorMade ကုမ္ပဏီနှင့်လက်တွဲလိုက်ပြီဖြစ်ကြောင်း တိုက်ဂါးဝုဒ် ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

ဂေါက်သီးရိုက် လောကတွင် အဓိကဆုဖလားအများဆုံးဆွတ်ခူးထားသူများစာရင်းတွင် ပါဝင်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် အားကစားပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် TaylorMade ကုမ္ပဏီနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ပြီး ပြိုင်ပွဲများတွင် Sun Day Red အမှတ်တံဆိပ် အဝတ်အစားများနှင့် ဖိနပ်များကိုသာ ဝတ်ဆင်သွားတော့မည်ဖြစ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အဓိကဆုဖလား ၁၅ လုံးထိ ဆွတ်ခူးထားသည့် တိုက်ဂါးဝုဒ်သည် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်လောကသို့ စတင်ဝင်ရောက်လာချိန်ကတည်းက Nike ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆိုကာ ၂၅ နှစ်ကျော်လက်တွဲခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလက Nike ကုမ္ပဏီနှင့် စာချုပ်သက်တမ်း ကုန်ဆုံးကာ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းမရှိတော့ဘဲ TaylorMade ကုမ္ပဏီဖြင့် လက်တွဲရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းလည်းဖြစ်သည်။

အားကစားသမားတစ်ဦးအတွက် ပြိုင်ပွဲဝင်ချိန်တွင် အဝတ်အစားနှင့် ဖိနပ်များမှာအရေးကြီးအခန်းကဏ္ဍမှပါဝင်နေပြီး အဝတ်အစား သက်သောင့်သက်သာရှိမှသာ ပြိုင်ပွဲတွင် အဆင်ပြေမည်ဖြစ်သည့်အတွက် သာမန်အဝတ်အစားမျိုးဖြင့် ပြိုင်ပွဲဝင်ရန် အဆင်မပြေနိုင်ကြောင်း တိုက်ဂါးဝုဒ်က ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်က “ပြီးခဲ့တဲ့နှစ်တွေထဲမှာ ပြိုင်ပွဲဝင်ရာမှာအဆင်ပြေဖြစ်ဖို့အတွက် အဝတ်အစား၊ ဖိနပ်တွေ ပြင်ဆင်တဲ့အပိုင်းမှာ အတွေ့အကြုံကောင်းတွေရခဲ့တယ်။ ကစားသမားတစ်ယောက်အတွက် အဝတ်အစားနဲ့ဖိနပ်ဟာ အရမ်းအရေးကြီးတယ်။ အဝတ်အစားတွေ၊ ဖိနပ်တွေ သက်သောင့်သက်သာရှိမှ ပြိုင်ပွဲမှာယှဉ်ပြိုင်ရတာသက်သောင့်သက်သာရှိမယ်။ ကျွန်တော့်ရဲ့ အောင်မြင်မှုတွေနဲ့ ပတ်သက်ပြီး ကျွန်တော် ထုတ်မပြောဖြစ်ခဲ့တဲ့အရာတွေထဲမှာ ဒီအဝတ်အစားနဲ့ ဖိနပ်တွေ သက်သောင့်သက်သာရှိအောင် ကြိုတင်ပြင်ဆင်ရတယ်ဆိုတဲ့အချက်လဲ ပါဝင်ပါတယ်။ Sun Day Red အမှတ်တံဆိပ် အဝတ်အစားတွေ၊ ဖိနပ်တွေကို လူတွေ သဘောကျနှစ်သက်လာပါလိမ့်မယ်။ အားကစားကဏ္ဍအသီးသီးက အားကစားသမားတွေအတွက် သင့်လျော်တဲ့အဝတ်အစားတွေဖြစ်တဲ့အတွက်ကြောင့်လဲ TaylorMade ကုမ္ပဏီနဲ့ လက်တွဲဖို့ဆုံးဖြတ်လိုက်ပြီး စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# ကလပ်အသင်းလျှော့ချမည့်အစီအစဉ်ကို စီးရီးအေအသင်းများ မဲခွဲဆုံးဖြတ်မှုပြုလုပ်

**ရောမ ဖေဖော်ဝါရီ ၁၃**

အီတလီစီးရီးအေ ဘောလုံးအဖွဲ့ချုပ်က လက်ရှိယှဉ်ပြိုင်နေသည့် စီးရီးအေပြိုင်ပွဲ အသင်း ၂၀ ကိုလျှော့ချကာ ကလပ်အသင်း ၁၈ သင်းဖြင့်ယှဉ်ပြိုင်ရန် မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ရာတွင် ကလပ်အသင်းအများစုက လျှော့ချမည့်အစီအစဉ်ကို ငြင်းပယ်ခဲ့သည်။

ဖေဖော်ဝါရီ ၁၂ ရက်က မီလန်မြို့တွင်ပြုလုပ်ခဲ့သည့်အသင်းပိုင်ရှင်များနှင့်တွေ့ဆုံခဲ့သည့် အစည်းအဝေးတွင် စီးရီးအေအဖွဲ့ချုပ်က ကလပ်အသင်း လျှော့ချမည့်အစီအစဉ်ကိုဆွေးနွေးခဲ့ရာ ကလပ်အသင်းလေးသင်းသာ မဲပေးမှုပြုလုပ်ခဲ့သော်လည်း ကျန်အသင်း ၁၆ သင်းကငြင်းဆိုခဲ့ကာ လက်ရှိကျင်းပနေသည့်ပုံစံအတိုင်းကျင်းပရန်သာ ဆန္ဒပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ထိပ်သီးကလပ်အသင်းများဖြစ်သည့် ဂျူဗင်တပ်၊ အေစီမီလန်၊ အင်တာမီလန်နှင့် ရိုးမားအသင်းတို့က ပွဲအရေအတွက် အများအပြားကစားရမည်ကို မလိုလားသောကြောင့် ကလပ်အသင်းလျှော့ချရေးကိုထောက်ခံခဲ့သော်လည်း အနည်းဆုံးကလပ်အသင်း ၁၄ သင်းက ဆန္ဒမဲပေးမှသာ ပြောင်းလဲနိုင်မည်ဖြစ်သည်။

အေစီမီလန်အသင်း ဥက္ကဋ္ဌ စကာရိုနီက “လက်ရှိကစားသမားတွေအနေနဲ့ တိုက်ကြီးများအလိုက်ပြိုင်ပွဲတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေကစားရတဲ့အပြင် အီတလီဖလား၊ အမှတ်ပေးပွဲ စတဲ့ပြိုင်ပွဲတွေကို ကစားရတာကြောင့် ဒဏ်ရာပြဿနာတွေ မကြာခဏကြုံတွေ့နေရပါတယ်။ အရင်က စီးရီးအေပြိုင်ပွဲဟာ ၁၆ သင်းနဲ့ ကစားခဲ့ရတာကို ကျွန်တော်မှတ်မိပါသေးတယ်။ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီကမှ ကလပ်အသင်း ၂၀ နဲ့ စတင်ကစားခဲ့တာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် နိုင်ပွဲပျောက်ဆုံးမှု အကြာဆုံးအသင်းအဖြစ် အယ်မာရီယာအသင်းမှတ်တမ်းဝင်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၃**



စပိန်လာလီဂါပွဲစဉ်အဖြစ်ကစားခဲ့သည့် အယ်မာရီယာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် နိုင်ပွဲပျောက်ဆုံးမှု အကြာရှည်ဆုံးကလပ်အသင်းအဖြစ် အယ်မာရီယာအသင်းမှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အယ်မာရီယာ အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများနှင့် ရုန်းကန်နေရပြီး စပိန်လာလီဂါပြိုင်ပွဲတွင် ၂၄ ပွဲပြီးဆုံးချိန်ထိ တစ်ပွဲမျှနိုင်ပွဲရယူနိုင်ခြင်းမရှိသေးဘဲ ခုနစ်ပွဲ သရေရလဒ်နှင့် ၁၇ ပွဲထိရှုံးနိမ့်ခဲ့ကာ ရမှတ် ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်။

အလားတူ အယ်မာရီယာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲတွင် ပြီးခဲ့သည့်ဘောလုံးရာသီကလေးပွဲအပါအဝင် စပိန်လာလီဂါပွဲစဉ် စုစုပေါင်း ၂၇ ပွဲကစားပြီးချိန်ထိ တစ်ပွဲမျှနိုင်ပွဲရယူနိုင်ခြင်းမရှိသေးသည့်အတွက် စပိန်လာလီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် နိုင်ပွဲပျောက်ဆုံးမှု အကြာရှည်ဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် ပွဲစဉ် ၂၄ ပွဲကစားပြီးချိန်တွင် နိုင်ပွဲမရရှိသည့်အသင်း တစ်သင်းမျှမရှိခဲ့ဘဲ အယ်မာရီယာအသင်းက ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ရလဒ်အဆိုးရွားဆုံးအသင်းအဖြစ် ပြီးခဲ့သည့် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒါဘီအသင်းသည် တစ်ရာသီလုံးတွင် ရမှတ် ၁၁ မှတ်သာရရှိခဲ့ပြီး ရမှတ်အနည်းဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကာ ယခုနှစ် ဘောလုံးရာသီတွင်လည်း အယ်မာရီယာအသင်းက ရလဒ်အဆိုးရွားဆုံးအသင်းအဖြစ်ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# Qatar Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အမ်မာရာဒူကာနူက ကာလီနီနာကိုရှုံးနိမ့်

**ဒိုဟာ ဖေဖော်ဝါရီ ၁၃**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် ယူကရိန်းတင်းနစ်မယ်ကာလီနီနာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကာလီနီနာက (၆-၀ ၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာနူသည် ၂၀၂၃ ခုနှစ်တွင် လက်ကောက်ဝတ်ဒဏ်ရာနှင့် ခြေချင်းဝတ်ဒဏ်ရာများကြောင့် ရှစ်လခန့်ထိ အနားယူခဲ့ရပြီးနောက် ယခုနှစ် တင်းနစ်ရာသီတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကာ ပြိုင်ပွဲများအတွင်း ပြန်လည်ဝင်ရောက်လာခဲ့သော်လည်း ပုံမှန်လက်စွမ်းမရသေးဘဲရလဒ်ကောင်းရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

အမ်မာရာဒူကာနူသည် ကာလီနီနာနှင့်ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် လက်စွမ်းပိုင်းမှာသာမန်သာဖြစ်ခဲ့ပြီး ပထမပွဲငယ်တွင် ရမှတ်လုံးဝမရခဲ့ဘဲ ဒုတိယပွဲငယ်မှသာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။

ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရသော်လည်း ပုံစံကောင်းရရှိနေသည့် ကာလီနီနာ၏ စွမ်းဆောင်ရည်ကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ကာလီနီနာသည် အမ်မာရာဒူကာနူကို အနိုင်ရရှိခဲ့ပြီးနောက် ဒုတိယအဆင့်တွင် လက်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီအစည်းအဝေး၊ League 1၊ League 2 ပြိုင်ပွဲဝင်အသင်းများနှင့် ညှိနှိုင်းအစည်းအဝေးပွဲများ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီအစည်းအဝေးနှင့် Futsal League 1၊ League 2 ပြိုင်ပွဲဝင်အသင်းများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ လိဂ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ဖူဆယ်နှင့် သဲသောင်ပြင်ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကလပ်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးပထမပိုင်းကို ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီအစည်းအဝေးအဖြစ်ကျင်းပခဲ့ကာ လက်ရှိဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ၏ လုပ်ဆောင်နေသော လုပ်ငန်းစဉ်များ၊ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းဖြစ်သော ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီနှင့် Futsal League 1၊League 2 ပြိုင်ပွဲဝင်အသင်းများနှင့် ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ရာ လက်ရှိကျင်းပနေသော ပြိုင်ပွဲများ၊ ဆက်လက်ကျင်းပမည့် ပြိုင်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ ငွေကြေးသုံးစွဲမှုများနှင့် ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**STA**

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် ဧရာဝတီယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် ဦးဘိုဘိုအောင်ကိုခန့်အပ်



**ပုသိမ် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အခြေစိုက် မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ဧရာဝတီယူနိုက်တက်အသင်းက ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် နည်းပြသစ်အဖြစ် ဦးဘိုဘိုအောင်ကို ခန့်အပ်တာဝန်ပေးအပ် ခဲ့ကြောင်း သိရသည်။

ဧရာဝတီယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က နည်းပြဦးမျိုးလှိုင်ဝင်းနှင့် လမ်းခွဲခဲ့ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဦးဘိုဘိုအောင်ကို ခန့်အပ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်၂၀၂၄ ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် ဧရာဝတီယူနိုက်တက်ဘောလုံးအသင်းသည် အသင်းအုပ်ချုပ်သူ၊နည်းပြအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး အသင်းမန်နေဂျာအဖြစ် ဦးမျိုးထွန်း၊အသင်းနည်းပြချုပ်အဖြစ် ဦးဘိုဘိုအောင်၊ လက်ထောက်နည်းပြအဖြစ် ဦးသူရဆွေ၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဦးထွန်းဇော်နှင့် ဂိုးနည်းပြဦးဖြိုးကိုကိုလှိုင်တို့ကို စာချုပ်ချုပ်ဆို၍ ခန့်အပ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြချုပ် ဦးဘိုဘိုအောင်သည် မြန်မာနေရှင်နယ်လိဂ်ဖလား ၂၀၂၄ ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ အသင်းလေ့ကျင့်ရေးအစီအစဉ်များတွင် ပူးပေါင်းလျက်ရှိကြောင်း သိရသည်။

**STA**

# ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေးကို အမ်ဘက်ပီ ပြန်လည်စဉ်းစားနေ

**ပဲရစ် ဖေဖော်ဝါရီ ၁၃**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘက်ပီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိထားသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လုပ်ခလစာနည်းပါးမှုကြောင့် ပြန်လည်စဉ်းစားလျက် ရှိနေကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အမ်ဘက်ပီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေသော်လည်း အမ်ဘက်ပီကိုယ်တိုင်က ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် ပီအက်စ်ဂျီအသင်း၏ မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းမှုကို ပယ်ချထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက အမ်ဘက်ပီအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပါက အလွတ်ပြောင်းရွှေ့ကြေးဖြစ်သော်လည်း စာချုပ်လက်မှတ်ထိုးကြေးအဖြစ် ယူရို သန်း ၁၃၀ ရရှိမည်ဖြစ်သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက တစ်နှစ်လုပ်ခ ယူရို ၃၀၉ သန်းခန့်သာ ပေးချေဖွယ်ရှိနေပြီး ပီအက်စ်ဂျီအသင်းတွင် ရရှိမည့်လုပ်ခလစာထက် များစွာနည်းပါးနေသည့်အတွက် အသင်းပြောင်းရွှေ့ရေးကို ပြန်လည်စဉ်းစားနေခြင်းဖြစ်သည်။

အမ်ဘက်ပီသည် လက်ရှိပီအက်စ်ဂျီအသင်းတွင် တစ်နှစ်လုပ်ခ ယူရို ၆၅ သန်းထိရရှိနေပြီး ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ်အတွက် လက်ရှိရရှိနေသည့် လုပ်ခလစာထက် ပိုမိုပေးချေသွားမည်ဖြစ်သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေးကို ပြန်လည်စဉ်းစားနေသည့်အတွက် ပီအက်စ်ဂျီအသင်းအနေဖြင့် အမ်ဘက်ပီကိုအသင်း၌ဆက်လက် ထိန်းသိမ်းထားရန် မျှော်လင့်ချက် ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် (၅၀)ခရိုင်ရှိ အခြေခံပညာ အထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် (၃၄) ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများသိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ(၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့်သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့်ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့(BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်းအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma-Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့(၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma-Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန်အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေးအတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန်အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုဗ္ဗန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲခူးယိုးကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက-ဓွေးချို |
| ၆ | မန္တလေး | ၆ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက-ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက-တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရှာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက-တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်န်းကျွန်း | သဃ်န်းကျွန်း | သဃ်န်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက-ဖားကျူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတာပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက(ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက-နားကောင်းမွေး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက(တပ်တွင်း) |
| ၁၂ | ရေဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟသာတ | ဟသာတ | ဟသာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ လာဘ်ခေါ် ဇီးကွက်ရုပ်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့ တို့သို့ တင်ပို့မည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် လာဘ်ခေါ် ဇီးကွက်ရုပ်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်း ရွှေယမင်းမြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ အရွယ်အစား အမြင့် ငါးလက်မရှိ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် လာဘ်ခေါ် ဇီးကွက်ရုပ်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရီးသွားဒေသများသို့ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည့်အတွက် ပန်းပုရုပ်များ ပုံမှန်အတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ပန်းပုတန်းကနေ အခုလအတွင်းမှာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တာချီလိတ်တို့က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို တင်ပို့ဖို့အတွက် ရင်းတိုက်သားနဲ့ထုလုပ်ထားတဲ့ လာဘ်ခေါ် ဇီးကွက်ရုပ်တွေကို ထုလုပ်နေပါတယ်။ အပြီးသတ်နေပါပြီ။ လက်ရှိ ပဲခူးပန်းပုဈေးကွက်ကတော့ အွန်လိုင်းကလဲ တစ်ယောက်ချင်းမှာတာမျိုးရှိသလို ပန်းပုတန်းမှာ လာဝယ်သူတွေလဲ ရှိပါတယ်"ဟု ဒေါ်အေးအေးမော်က ပြောပြသည်။

ထိုသို့တင်ပို့ရန် လာဘ်ခေါ် ဇီးကွက်ရုပ် ၅၀ ခန့် ထုလုပ်လျက်ရှိပြီး ဈေးနှုန်းမှာ ဖြန့်ချိဈေး ပန်းပုရုပ်တစ်ရုပ်လျှင် ငွေကျပ် ၄၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

# Wonka ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၈၇ ဒသမ ၆ သန်းရရှိထား

**နယူးယောက် ဖေဖော်ဝါရီ ၁၃**

ဝါနာဘရားသားကုမ္ပဏီ၏ Wonka ဇာတ်ကားသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၈၇ ဒသမ ၆ သန်းထိ ရရှိထားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Wonka ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

ရုံတင်ကာလ နှစ်လကျော်ကြာပြီဖြစ်သည့်တိုင် Wonka ဇာတ်ကားသည် နိုင်ငံတကာရုပ်ရှင်ဈေးကွက်၌ ဝင်ငွေကောင်းနေဆဲဖြစ်ကြောင်း သိရသည်။

လှို့ဝှက်ဆန်းကြယ်ဂီတဇာတ်မြူးဇာတ်ကားဖြစ်သည့် Wonka ဇာတ်ကားကို ဒါရိုက်တာ ပေါလ်ကင်းက ရိုက်ကူးပေးထားပြီး မင်းသား တင်မိုသီချားမက်က ပါဝင်သရုပ်ဆောင်ထားသည်။

Wonka ဇာတ်ကားသည် လူငယ် ချောကလက်အလုပ်သမားတစ်ဦး၏ ဘဝစွန့်စားခန်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Wonka ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၂၅ သန်းထိသာ သုံးစွဲထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# တစ်ခါမိုက် ရုပ်သံဇာတ်လမ်းတွဲကို Channel K YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

Channel K ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသပြီးဖြစ်သည့် တစ်ခါမိုက် ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီလ တတိယပတ်အတွင်း Channel K YouTube Channel တွင် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြ၍ သိရသည်။

တစ်ခါမိုက်ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အက်စစ်က ရေးသားထားပြီး အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ အောင်ဇော်လင်းက တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ Channel K ရုပ်သံလိုင်း၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲလည်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ၂၀၂၃ ခုနှစ် မတ်လတုန်းက Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက မကြည့်လိုက်ရတဲ့ သူတွေကော၊ ထပ်မံကြည့်ရှုခံစားလိုသူတွေကော ကြည့်ရှုနိုင်အောင် Channel K YouTube Channel ကနေ ဖေဖော်ဝါရီလ တတိယပတ်အတွင်းမှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြသည်။




တစ်ခါမိုက်ရုပ်သံဇာတ်လမ်းတွဲတွင် ဟိန်းဝေယံ၊ မင်းဦး၊ အောင်လေး၊ ရတနာဗို၊ ခိုင်နှင်းဝေ၊ ချောကလျာ၊ Ella ရွှေစင်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# DGA ၏ အကောင်းဆုံးဒါရိုက်တာဆုကို Oppenheimer ဇာတ်ကားဖြင့် ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ရရှိခဲ့

**နယူးယောက် ဖေဖော်ဝါရီ ၁၃**

အမေရိကန်ဒါရိုက်တာများအသင်း (DGA) ၏ အကောင်းဆုံးဒါရိုက်တာဆုကို Oppenheimer ဇာတ်ကားဖြင့် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

အော်စကာဆုပေးပွဲမတိုင်မီ အဓိကရုပ်ရှင်ထူးချွန်ဆုပေးပွဲဖြစ်သည့် DGA ဆုပေးပွဲကို လော့စ်အိန်ဂျလိစ်မြို့တော်၌ ဖေဖော်ဝါရီ ၁၀ ရက်က ၇၆ ကြိမ်မြောက်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။

DGA ဆုပေးပွဲ၌ အကောင်းဆုံး ဒါရိုက်တာဆုရရှိသူများသည် အော်စကာဆုပေးပွဲတွင်လည်း အကောင်းဆုံး ဒါရိုက်တာဆုများ ရရှိတတ်သည်။

ဟောလိဝုဒ်ရုပ်ရှင်လောကသမိုင်းတစ်လျှောက် DGA အကောင်းဆုံး ဒါရိုက်တာဆုရှင် ရှစ်ဦးသည်သာ အော်စကာဆုပေးပွဲ၏ အကောင်းဆုံးဒါရိုက်တာဆုကို လွဲချော်ခဲ့ဖူးသည်။

Oppenheimer ဇာတ်ကားသည် အဏုမြူဗုံးတည်ဆောက်ရာတွင် အဓိကပါဝင်ခဲ့သော အမေရိကန်ရူပဗေဒပညာရှင် ရောဘတ်ဂျေအိုပင်ဟိုင်းမား၏ဘဝကို အခြေခံရိုက်ကူးထားသောဇာတ်ကားဖြစ်ကြောင်း သိရသည်။

ယခင်ဇာတ်ကားတွင် မင်းသား စီလီယံမာဖီက သိပ္ပံပညာရှင် အိုပင်ဟိုင်းမားအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing cordially meets officials of registered political parties



Senior General Min Aung Hlaing meets political parties.

**Nay Pyi Taw February 13**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing cordially met officials of registered political parties at the parlour of Bayintnaung Villa here this afternoon.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Joint SAC Secretary Lt-Gen Ye Win Oo, SAC members Admiral Tin Aung San and Lt-Gen Yar Pyae, Union Election Commission Chair U Ko Ko, union ministers U Ko Ko Hlaing, Lt-Gen Tun Tun Naung and Dr Thida Oo, Anti-Corruption Commission Chair U Sit Aye, legal advisers, commission members, and chairs, vice chairs and officials of 42 registered parties.

During the course of discussions, the Senior General said after a meeting with political parties in the first week of January, the Political Parties' Registration Law was amended to facilitate their functions. Necessary legal amendments in connection with the by-elections were promulgated. Although the State will fulfill the needs of political parties to the most possible degree, they should also make efforts by themselves. **Tatmadaw has already assured to facilitate and strengthen the course of multiparty democracy. In the multiparty democracy system, parties must take part in party politics as well as in the task of serving the nation's affairs.**

There are parties that represent an ethnic race, region or the entire nation. They need to be strong and must install democracy within themselves. The government does not wish to see any party become weak and deteriorated due to the absence of a leader or any dissolution of a party due to various reasons. They must be strong. Hence, they should strengthen themselves and should win strong support from their members. They should have the characteristics of admirable structure and unity.

As regards the structure, necessary amendments have been made for the parties to work in accord with the law. Moreover, a workable political and security situation must be maintained for them. In some townships, parties may find it hard to conduct any political activity due to safety reasons, but they should always keep in touch with the people in all possible places. They should accelerate their activities in the towns where they have branches or planned to open branches. The work of organizing the people to accept their policies and join them is called party politics, and from there they must serve the nation's affairs. Party interest always comes after the national cause. **When it comes to the nation and the party the former's interest must be prioritized as it is the most important thing.** Hence, they must nurture the practice of taking into account the national cause in serving their own interest. As regards the country's current political situation, there are three points for the parties.

As the drive for national economic progress is a national concern, parties should play their role in developing the national economy. According to the 2019 inter-censal survey, the nation has a population of 56 million, and of them 48.2% is engaged in farming and forest sectors, 14.7% in handicraft and related industries, 10.4% in services and trade sector, and 11.6% are laborers. Hence, 84.9% of the country's population is involved in the said four sectors. Members of the parties must play their role in developing and strengthening the four sectors in conducting party politics. **They must strive with the conviction that the development of the national economy based on the farming sector is the national cause.**

Regarding education, there are still many weaknesses in the country. Therefore, to be able to build a future country with educated human resources, the parties need to work hard. At the present time, due to the actions of terrorists, the education of many school-aged children in some areas is being affected. If there are weaknesses in education, it can cause danger for the future of the country. There will be gaps in way of thinking, vision and discipline. Therefore, the political parties should try to improve children's education in a good way. They need to provide guidance. **In engaging in national affairs, they need to participate in the role of economic and educational promotion.**

Regarding stability and peace, since the independence of the country, there have been internal armed conflicts until now. In the peace issue, we will only stand based on the Constitution (2008) and the Nationwide Ceasefire Agreement (NCA). **In a multi-party democratic system, there will be differences of opinion, but the demands cannot be made with armed violence and must be made only by law.** The Tatmadaw will not accept such demands through armed struggle without political means. Regarding the amendment of the constitution, the Tatmadaw has already agreed, and the laws that should be amended will be amended through the parliament. If the law cannot be promulgated before the parliament, the Union may issue decrees and directives that are in effect as laws and act for the regions and states. If this is done, the regions and states will have more confidence in the federal system. In the sectors allowed by the constitution, there are laws enacted and they can be implemented by regions and states. But, without doing so, some places are facing difficulties.

The focus is on stability and peace to ensure a free and fair multi-party democratic election. **For security, stability and peace, the People's Military Service Law was put into effect.** In particular, **the law was already enacted to protect the Three Main National Causes.** Regarding this law, there will be care and consideration, and **the country needs to not be burdened.** Only a decent number of people within the specified age range will have to serve. **It will be done through a flexible approach.**

In addition, the decree on the enforcement of the Reserve Force Law will be issued today. This action was taken due to the increasing number of ex-servicemen requesting to return to serve in the country's defense force. It does not mean that all ex-servicemen will be called back, but only those who deserve to be called will be called back for duty. By implementing these two laws, the defense force will increase. To do that, the country's economic driving force needs to be good. If the economic drive is good, then the political and defence forces will also improve.

**When it comes to peace and stability of the State, we will continue to do what we should do step by step.** Through this, we will continue to ensure the success of the roadmap, and the fifth point of the roadmap, which is the successful completion of the general election, which requires the participation of the ruling government alone, but the political parties and all the citizens of the country. The people who will represent the country must be selected only by the political parties, which is why this meeting with the political parties was called. So, they are invited to discuss and suggest what is needed for the benefit of their regions and the country, the Senior General said.

Then, the chairpersons, vice chairpersons and officials of the political parties which have already been registered openly discussed the needs of their parties, the suggestions for the good of the country, their activities being made under the guidelines established by the State Administration Council, the terms and conditions under the supervision of the Union Election Commission, the opening of party offices following the amended party registration law, concerted efforts for State peace and stability, the need for and support for the military service law enforcement, measures that should be taken for national security, measures that should be carried out in order to hold an election, and their participation in the country's social, economic and other sectors.

After that, Chairman of the Union Election Commission U Ko Ko clarified and discussed the issues related to the registration of parties and the presentations of the parties and discussed conditions under which a free and fair election is being held. Union Minister of Legal Affairs Dr. Thidar Oo on legal issues and

*See Page 13*

# More than 9,000 acres of summer paddy grown in Katha Township



Photo shows a vast stretch of paddy fields.

**Katha February 13**

The statistics of Katha Township Agriculture Department stated that the township completed cultivation of more than 9,000 acres of summer paddy.

Local farmers started cultivation of summer paddy on 11,419 acres of farmlands in Katha Township in 2023-24 financial year starting from January 2024, and so far, they have grown 9,893 acres of summer paddy.

"This year, the township earmarked cultivation of more than 10,000 acres of summer paddy, more than 9,000 acres of which have been cultivated so far. Efforts are being made to meet the target cultivation of summer paddy. Local farmers expand sown acreage of summer paddy year by year," said Head of Township Agriculture Department U Ko Lay.

In 2022-23 FY, local farmers cultivated 11,082 acres of summer paddy from February to April 2023 against the target of 11,413 acres.

In 2023-24 FY, the township grew 38,494 acres of monsoon paddy from June to September 2023 against the target of 38,500 acres.

Staff members of the department provides agricultural techniques, natural fertilizers and pesticides to local farmers.

206

# Pwintbyu Township harvests more than 2,000 acres of malt crop

**Pwintbyu February 13**

The Agriculture Department of Pwintbyu Township stated that local farmers have harvested 2,100 acres of malt as cold season this year.

They have so farm harvested 2,100 acres of malt of 3,050 acres cultivated starting from November 2023, against the target of 3,048 acres.

"The township grew 3,050 acres of malt exceeding two acres of the target cultivation. Staff of the Township Agriculture Department provided agricultural techniques and quality strains of crops to local farmers in addition to ways to be free from pests," said Head of Township Agriculture Department Daw Moe Moe Wai.

She added, "Local farmers started harvesting of crops in the second week of December 2023. The crops yield 15,000 pieces of malt per acre. This year, malt fetches K400-K500 per piece."

Local farmers cultivate maize, corns and malt round the year for their livelihoods. Moreover, the stalks of crops can be sold as feedstuffs.

Ye Win Naing (NyaungU)



A pile of malts.

# Locals in Pinlebu Township sow more than 2,000 acres of winter peanuts

**Pinlebu February 13**

More than 2,000 acres of winter peanuts have been planted in Pinlebu Township, Kawlin District, Sagaing Region, according to statistics from Department of Agriculture for Kawlin District.

During the winter planting season of 2023-2024, 2,155 acres of winter peanuts are planned to be planted in Pinlebu Township and till date, 2,054 acres have been planted.

"We are working to expand the cultivation of winter peanuts. Peanut cultivation is mostly done in the winter rather than in the rainy season," said U Win Thein, head of Department of Agriculture for Kawlin District.

During the last winter crop planting season of 2022-2023, 2,155 acres of winter peanuts were planted in Pinlebu Township from October to December 2022. In addition, during the rainy season of 2023-2024, 50 acres of rain-fed peanuts were earmarked to plant in Pinlebu Township and 17 acres were planted between June and September. Staff from the township's Department of Agriculture are carrying out field inspections and scouting records in order to ensure that there are no pests, diseases, and weeds.

206

*From Page 12*

Minister 1 for Office of the Chairman of State Administration Council U Ko Ko Hlaing on the matter of the militia service law and the reserve force law and foreign policy issues and party political issues and, U Sit Aye, Chairman of the Anti-Corruption Commission, also discussed the legal issues related to corruption.

Next, the Prime Minister said that the political parties had fully presented, **political parties participate in parliaments for legislative purpose as the party leaders have to work for legislation, and said that they need to understand the law better** and civil servants can vote for the party they like, but they need to be free from party politics.

**The unity of the party and the parties is also important. Now that only the approved parties are officially authorized political leading parties. Therefore, it is necessary to accept and follow the Three National Causes and cannot do any harmful things. We need to carry out these three national causes as a national responsibility.**

**The nation's strength lies within. Therefore, efforts are being made to stand on their own feet. Political parties are also included in order to develop domestic strength. They gave many opinions about the military service law. For this, people must be educated to strengthen their knowledge** and it is necessary to give time to produce people who have strong knowledge and love for their country.

The current situation is caused by the instigation of the media. **All the people need to have the spirit of union. If there is a spirit of union, we will pay attention to these three main national causes. Due to incitement and lack of awareness, the spirit of the union is being damaged.** Therefore, the spirit of union must be built with the strength of unity. **It is necessary not to take actions that will harm the spirit of union.**

According to the laws enacted for the parties, it is necessary to act according to the specifications established by the Union Election Commission. All activities must be carried out according to the law and regulations. **If you do it with a good mind, you will get good results, and if you do it with a bad mind, you will get bad results.** We want the parties who have to act in the legislative branch to take serious action. Arrangements for union ministers concerned will also be made to meet and discuss with officials. The present time is a period of preparation for the next free and fair election. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## PSDSARC ကုမ္ပဏီက Shaheen SH-01 ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သော ဒရုန်းကိုထုတ်ဖော်ပြသ



၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် ဆော်ဒီအာရေဗျနိုင်ငံက Prince Sultan Advanced Technology Research Institute (PSDSARC) ကုမ္ပဏီသည် Shaheen SH-01 ဒေါင်လိုက်အတက် အဆင်းပြုလုပ်နိုင်သောဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Shaheen SH-01 ဒရုန်းသည် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များနှင့်ကိုက်ညီရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ကြည်းတပ်နှင့်ရေတပ် နှစ်ရပ်စလုံး ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်ကာ လေယာဉ်ပြေးလမ်းလိုအပ်မှုကို ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။

ပေါ့ပါးသော ကာဗွန်သတ္တုပေါင်းစပ်ပစ္စည်းများဖြင့် တည်ဆောက်ထားသည့် Shaheen SH-01 ဒရုန်းတွင် လျှပ်စစ်မော်တာ လေးလုံးနှင့်တောင်ပံများတပ်ဆင်ထားကာ စွမ်းဆောင်ရည်နှင့် လှုပ်ရှားပျံသန်းမှုကို ပိုမိုကောင်းမွန်စေရန် တောင်ပံများကို ချိန်ညှိမှုများပြုလုပ်နိုင်မည်ဖြစ်သည်။ သွားလာသည့်အခါ သယ်ဆောင်ရလွယ်ကူစေရန် တောင်ပံများကို ဖြုတ်သိမ်းနိုင်သည်။ အဆိုပါဒရုန်းသည် အများဆုံး အမြင့် မီတာ ၃၀၀၀ ထိ ရောက်ရှိပျံသန်းနိုင်ပြီး လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၃ နာရီကြာ ပျံသန်းနိုင်စွမ်းရှိသည်။

Shaheen SH-01 ဒရုန်းတွင် အသုံးပြုနိုင်သည့် EO/IR နေ့၊ ည အာရုံခံစနစ်ပါရှိပြီး အရာဝတ္ထုများကို စကင်န်ဖတ်ကာ ခြေရာခံနိုင်သည့် S/C Band (Omni) ဒေတာလင့်ခ်မှတစ်ဆင့် အများဆုံးအကွာအဝေး ကီလိုမီတာ ၅၀ ထိ ချိတ်ဆက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၎င်း၏ လမ်းကြောင်းပြခြင်းနှင့် ပျံသန်းမှုထိန်းချုပ်ခြင်းကို အကြမ်းခံထိန်းကျောင်းရေးကွန်ပျူတာဖြင့် လုပ်ဆောင်ပေးထားပြီး GPS/INS အခြေပြု Air-Data Assist နှင့် Flight Director ဆော့ဖ်ဝဲစနစ်များဖြင့် လေတိုက်နှုန်း၊ အမြင့်၊ ဦးတည်ရာအရပ်မျက်နှာ စသည်ဖြင့် လေကြောင်းဒေတာ အချက်အလက်များကို ပံ့ပိုးပေးနိုင်ကြောင်း သိရသည်။

တောင်ပံ သုံးမီတာ၊ အမြင့်ဆုံး ပျံတက်နိုင်သည့်အလေးချိန် ဒရုန်းအပါအဝင် ကီလိုဂရမ် ၄၀ နှင့် Payload ဝန်အားလေးကီလိုဂရမ်ထိ သယ်ဆောင်နိုင်သော Shaheen SH-01 ဒရုန်းသည် အမြန်နှုန်းနှင့် မြင့်မားသောစွမ်းဆောင်ရည် လိုအပ်ချက်များရှိသော ရည်မှန်းချက်တာဝန်များအတွက် ဖြန့်ကြက်အသုံးပြုနိုင်သည့်ဘက်စုံသုံး ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ ၎င်း၏လျှပ်စစ်မော်တာရှစ်ခုသည် စွမ်းဆောင်ရည်မြင့်မားပြီး အရည်အသွေးမြင့်ကင်မရာများနှင့် အီလက်ထရွန်နစ်စစ်ပွဲဆိုင်ရာ ကိရိယာများအပါအဝင် Payloads အမျိုးမျိုး တပ်ဆင်အသုံးပြုနိုင်မှုသည် ရည်မှန်းချက်တာဝန်များအား ပြောင်းလွယ်ပြင်လွယ်ရှိစွာ ထမ်းဆောင်နိုင်မှုကို အလေးပေးဖော်ပြကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံထုတ် Shaheen SH-01 ဒရုန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာသော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် ဆော်ဒီအာရေဗျနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသလို ဒရုန်းများ ဝယ်ယူမှုများအတွက် တူကီယဲနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ စစ်ဘက်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးခေတ်မီရေး ကြိုးပမ်းမှုများသည် ဆော်ဒီအာရေဗျနိုင်ငံ၏ မဟာဗျူဟာမိတ်ဖက်များ တည်ဆောက်မှုနှင့်အတူ နိုင်ငံ၏ကိုယ်ပိုင်ကာကွယ်ရေးဆိုင်ရာ ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်စေရန် ရည်မှန်းချက်ကို ထင်ဟပ်စေလျက်ရှိသည်။ ထို့ပြင် ဒရုန်းနယ်ပယ်တွင် အီရန်၏ ဒေသတွင်းခြိမ်းခြောက်မှုကို တန်ပြန်ရန် ကြိုးပမ်းလာမှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

**WDS 2024: PSDSARC showcases Shaheen SH-01 vertical takeoff and landing drone ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက ဂါဇာစစ်ပွဲတွင် စစ်ဘက်သုံး AI နည်းပညာများကို ဖြန့်ကြက်အသုံးပြုနေ

အစ္စရေးစစ်ဘက်သည် ဂါဇာစစ်ပွဲတွင်စစ်ဘက်သုံး AI နည်းပညာများ ဖြန့်ကြက်အသုံးပြုနေကြောင်း Time of India သတင်းဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့များသည် မြေပေါ်နှင့် မြေအောက် တစ်ပြိုင်နက်တည်း AI နည်းပညာဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နေသည်ဟု အစ္စရေးနိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂါရီက ပြီးခဲ့သည့်လတွင် AI နည်းပညာသစ်ကို တပ်ဖြန့်အသုံးပြုထားကြောင်း အရိပ်အမြွက်အနေဖြင့် ပြောကြားခဲ့သည်။

AI နည်းပညာဖြင့် ရန်သူ့ဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးပြီး ဂါဇာရှိဟားမတ်စ်တို့၏ ကျယ်ပြန့်သော ဥမင်လိုဏ်ခေါင်းကွန်ရက်များကို မြေပုံရေးဆွဲဖော်ထုတ်နေခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂါရီက ပြောကြားခဲ့သည်။

AI စွမ်းအင်သုံး စက်သေနတ်များနှင့် စက်ရုပ်ဒရုန်းများအပါအဝင် ကာကွယ်ရေးနည်းပညာသစ်များသည် အစ္စရေးနိုင်ငံ၏ နည်းပညာလုပ်ငန်းအတွက် ဆိုးရွားသော စစ်ပွဲကာလတစ်ခုအတွင်း တောက်ပသော အနာဂတ်အခွင့်အလမ်း နယ်ပယ်တစ်ခု ဖြစ်လာခဲ့သည်။

အဆိုပါကဏ္ဍသည် ၂၀၂၂ ခုနှစ်တွင် GDP ၏ ၁၈ ရာခိုင်နှုန်းခန့်ရှိသည်ဟု တွက်ချက်ထားသော်လည်း ဂါဇာစစ်ပွဲသည် အစ္စရေးနိုင်ငံ လုပ်သားအင်အား၏ ၈ ရာခိုင်နှုန်းခန့်ကို တိုက်ပွဲဝင်ရန် ဆင့်ခေါ်ထားသောကြောင့် ထိခိုက်မှုရှိခဲ့ရသည်။

"ယေဘုယျအားဖြင့် ဂါဇာစစ်ပွဲက ခြိမ်းခြောက်မှုတွေရှိနေပေမဲ့ AI နယ်ပယ်မှာ ပေါ်ထွက်နေတဲ့ နည်းပညာတွေကို စမ်းသပ်ဖို့ အခွင့်အလမ်းတွေလဲရှိပါတယ်။ စစ်မြေပြင်မှာရော၊ ဆေးရုံတွေမှာရော အရင်တုန်းက စစ်ပွဲမှာအသုံးမပြုခဲ့တဲ့ နည်းပညာတွေရှိတယ်"ဟု Startup Nation Central ၏ အမှုဆောင်အရာရှိချုပ် Avi-Hasson က ပြောကြားခဲ့သည်။

ဂါဇာစစ်ပွဲတွင် အရပ်သားသေဆုံးမှုမြင့်တက်လာခြင်းသည် ကာကွယ်ရေးနည်းပညာ ပုံစံသစ်များကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ပိုမိုကြီးမားသောကြီးကြပ်မှုလိုအပ်သည်ကိုပြသနေကြောင်း Human Rights Watch မှ လက်နက်ကျွမ်းကျင်သူ Mary Wareham က ပြောကြားခဲ့သည်။

"အခု ကျွန်တော်တို့ ဒီနေ့တွေ့နေရတဲ့ အဆိုးဆုံးအခြေအနေဖြစ်တဲ့ သေခြင်းတရားနဲ့ ဆင်းရဲဒုက္ခကိုရင်ဆိုင်နေရပါတယ်။ အဲဒါတွေထဲက တချို့ကိုနည်းပညာသစ်တွေကပဲ ယူဆောင်လာပါတယ်" ဟု၎င်းက ဆက်လက်ပြောကြားခဲ့သည်။



အစ္စရေးစစ်ဘက်သည် ရိုင်ဖယ်များနှင့် စက်သေနတ်များကဲ့သို့သောလက်နက်များနှင့်အတူ အစ္စရေး Startup Smart Shooter က ပြုလုပ်သော AI ပါရှိသည့် Optic (အလင်းအာရုံခံချိန်ဆိုက်ဒ်) ကို အသုံးပြုခဲ့သည်။

"ဟားမတ်စ်တွေက ဒရုန်းတွေ အများကြီးသုံးတဲ့အတွက် ကျွန်တော်တို့ရဲ့ စစ်သားတွေ ဒရုန်းတွေကို ကြားဖြတ်နိုင်အောင် ကူညီပေးပါတယ်"ဟု အစ္စရေးနိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂါရီက ပြောကြားခဲ့ကြောင်း သိရသည်။

Optic (အလင်းအာရုံခံချိန်ဆိုက်ဒ်) သည် ပုံမှန်စစ်သည်တစ်ဦးကို စနိုက်ပါကဲ့သို့ လက်ဖြောင့်စေရန် ကူညီပေးနိုင်သည့် ချိန်ဆိုက်ဒ်အမျိုးအစား ဖြစ်သည်။

**Israel deploys new military AI in Gaza war ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# နိုင်ငံတော်ကိုကာကွယ်ဖို့ ပြည်သူ့စစ်မှုထမ်းကြစို့

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

**❖မြန်မာနိုင်ငံတွင် " ပြည်သူ့စစ်မှုထမ်းဥပဒေ" ပြဋ္ဌာန်းခြင်းအားဖြင့် တပ်မတော်၏ကာကွယ်ရေးအင်အား၊ ပြည်သူလူထု၏ကာကွယ်ရေးအင်အားနှင့် လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကို ပြသနိုင်မည်ဖြစ်သည်။ ယခုလိုပြသနိုင်ခြင်းဖြင့် ပြိုင်ဘက်ရန်သူမှာ စစ်နှင့်ယှဉ်ပြိုင်လိုစိတ်များ ပျောက်ကွယ်သွားပါမည်။ ထို့ပြင် နိုင်ငံတော်လုံခြုံရေးအခြေအနေများကို ကြိုတင်သိရှိနိုင်၏။ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်စေသည်။ ပြည်သူအားလုံးပါဝင်သည့်စနစ်ကို ဖော်ဆောင်မည်ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးနှင့်ကာကွယ်ရေးတို့တွင် ဟန်ချက်ညီစေသည်။ ❖**

"နှမလေး၊ မယ်တို့မောင်မှာ၊ စစ်သံကြားလျှင်၊ ရွှေဓားပိုက်ကာ၊ အိုးစားဖက်ကို၊ လိုက်လို့ရှာသည်၊ ရိက္ခာကနဲ(နည်း)၊ မိုးကသဲ(သည်း)နှင့်၊ သင်းတွဲကိုကူး ပါလိမ့်မလားတော်"ဆိုသော စစ်မှာတမူ အိုင်ချင်းကဗျာကို စာဆိုရှင် တောင်တွင်းရှင်ငြိမ်းမယ်က ညောင်ရမ်းခေတ်တွင် ရေးသားခဲ့သည်။ မိန်းမပျိုလေး၏ချစ်သူမောင်သည် စစ်ထွက်ရမည် ဟူသောအသံကြားလျှင် "ဓားကိုပိုက်ကာ အိုးစားဖက် ကိုလိုက်၍ ရှာသည်။ စစ်ထွက်ရာတွင်ပါသွားသော ရိက္ခာလောက်ပါ့မလား။ မိုးသည်းထန်စွာရွာသွန်းနေသောကြောင့် ရေစီးသန်လှသည့် သင်းတွဲမြောင်းကြီးကို ကူးနိုင်ပါ့မလား"ဟုတွေးကာ စိုးရိမ်နေပုံကို ရေးဖွဲ့ထားသည်။ ရှေးခေတ်မြန်မာတို့သည် စစ်တိုက်ရမည်ကို ကြောက်ရွံ့ခြင်းမရှိဘဲ တိုင်းနိုင်ငံကာကွယ်ရေးတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ရဲစွမ်းသတ္တိရှိသောစစ်သည်များဖြင့် စစ်တပ်ကိုဖွဲ့စည်းခဲ့ကြပြီး တိုက်ပွဲများစွာကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။ ပထမမြန်မာနိုင်ငံတော်(ပုဂံခေတ်) အနော်ရထာမင်းလက်ထက်တွင် အရေးပေါ်လျှင်ပေါ်သည့်အားလျော်စွာ စစ်တပ်ကိုဖွဲ့စည်းခဲ့သည်။ မြို့အလိုက်သင့်လျော်သည့် စစ်သည်အင်အားအချိုးကျအတိုင်း ပါဝင်ကြသည်။ ထို့ကြောင့် ထောင်ပြုမြို့၊ ရှစ်ရာပြုမြို့၊ လေးရာပြုမြို့၊ သုံးရာပြုမြို့၊ နှစ်ရာပြုမြို့၊ တစ်ရာပြုမြို့၊ ရှစ်ဆယ်ပြုမြို့ စသည်ဖြင့် မြို့ပြအသီးသီးကို တည်ထောင်ကြသည်။ ထို့ပြင် စွမ်းရည်သတ္တိနှင့်ပြည့်စုံသူများကိုမြှောက်စားချီးမြှင့်ခဲ့ရာ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသော သူရဲကောင်းလေးဦးပေါ်ထွန်းခဲ့သည်။

ဒုတိယမြန်မာနိုင်ငံတော် (ကေတုမတီတောင်ငူခေတ်) ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် သရေခေတ္တရာသို့ ဆင်ကောင်ရေ ၂၅၀၊ မြင်းကောင်ရေ ၃၀၀၀၊ စစ်သည် ၉၀၀၀၀ နှင့် ခြေလျင်တပ်ပေါင်း ၁၇ တပ်တို့ဖြင့် သွားရောက်တိုက်ခိုက်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ၎င်းစစ်တပ်တွင် စစ်သည်အင်အားများပြားသည်ကို သိရှိနိုင်သည်။ အင်းဝ၊ ဟံသာဝတီ၊ ရှမ်းပြည်တောင်ပိုင်းနှင့် မဏိပူရမြောက်ဘက်ခြမ်းတို့ကိုသိမ်းပိုက်နိုင်ခဲ့ရာ နောင်ရိုးတိုက်ပွဲမှာ ထင်ရှားသောတိုက်ပွဲဖြစ်သည်။

တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်ခေတ်) အလောင်းမင်းတရားကြီးလက်ထက်တွင် ဟံသာဝတီကိုတိုက်ခိုက်သိမ်းယူခဲ့ပြီး တပ်ကို ထန်းလုံးများဖြင့် ကာရံကာမုဆိုးဘိုကျေးရွာ၌ "ထန်းလုံးတပ်"ကို တည်ဆောက်ခဲ့၏။ မြင်းရေးကျွမ်းကျင်သော စစ်သည် ၆၈ဦးဖြင့် မြင်းတပ်ကို ဖွဲ့စည်းခဲ့သည်။ မင်းတရားကြီးသည် ၁၁၁၅ ခုနှစ်တွင် မုဆိုးဘိုရွာကို ရွှေဘိုဟု သမုတ်ကာ မြို့နန်းတည်တော်မူခဲ့သည်။ ၁၁၁၇ ခုနှစ်တွင် ဒဂုန်ကိုသိမ်းပိုက်ကာ မြို့သစ်တည်ပြီးလျှင် ရန်ကုန်ဟုခေါ်တွင်စေခဲ့သည်။ မွန်တို့နှင့်စစ်ဖြစ်ရာတွင် အသေခံသူရဲကောင်း ၉၃ ဦးကိုရွေးချယ်၍ တိုက်ခိုက်စေခဲ့ရာ အမြောက်ကြီး ၁၀၀ ကျော်၊ အမြောက်ငယ် ၁၀၀ ကျော်၊ သေနတ် ၁၀၀၀ ကျော် ရရှိခဲ့သည်။

ယနေ့ခေတ် "မြန်မာ့တပ်မတော်"သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(Burma Independence Army)(B.I.A)အဖြစ် စတင်သန္ဓေတည်ကာ ပြည်သူကြားမှ ပေါက်ဖွားခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အင်အား ၂၀၀ ဖြင့် ဖွဲ့စည်းခဲ့ရာ အင်အား ၅၀၀၀၀ ထိတိုးတက်လာခြင်းသည် ပြည်သူများမှပူးပေါင်းပါဝင်ခဲ့သည့် သက်သေအထောက်အထားတစ်ခုဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် တပ်မတော်တပ်မှူးများညီလာခံ၌ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့၏။ ၁၉၆၇ ခုနှစ်တွင် ၎င်းဗျူဟာကို လက်ခံရေးဆွဲခဲ့သည်။ တပ်မတော်၏စစ်စည်းရုံးနိုင်မှုနှင့် ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်မှုစွမ်းရည်များကို တရုတ်ဖြူကူမင်တန် ကျူးကျော်မှုစစ်တွင် ပြသနိုင်ခဲ့သည်။

မြန်မာ့တပ်မတော်ဆိုသည်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)ဟူသော တပ်ဖွဲ့ကြီးသုံးခုဖြင့် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်း"ကိုခေါ်ဆိုသည်။ ၂၀၁၁ ခုနှစ်မှစတင်ကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လက်အောက်တွင် တိုက်ရိုက်ထားရှိပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့နှင့်ပတ်သက်သော တပ်ပိုင်းဆိုင်ရာစီမံခန့်ခွဲမှုများပြုလုပ်သည်။ မြန်မာ့တပ်မတော်၏ အဓိကတာဝန်မှာ ကာကွယ်ရေးတာဝန်ဖြစ်သည်။ တနည်းအားဖြင့် လူမျိုး၊ နယ်ပယ်၊ အစိုးရ၊ အချုပ်အခြာအာဏာဟူသည့် ခက်မကြီး ၄ ဖြာကို ထိပါးလာသည့်အန္တရာယ်ဟူသမျှ တပ်မတော်က ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံများကြားတွင် တည်ရှိနေပြီး အရှေ့တောင်အာရှ၌ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စရပ်များနှင့်ပတ်သက်၍ အရေးပါသည့်ပထဝီအနေအထားတစ်ခုဖြစ်သည်။ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံတချို့သည် နိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်ရာတွင် သမရိုးကျနည်းဖြစ်သော စစ်ရေးနည်းကို အသုံးမပြုကြတော့ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေးနှင့် သံတမန်ရေးနည်းလမ်းများဖြင့် ဘက်စုံစစ်ပွဲအသွင် (Multi Dimensional Warfare) ဖန်တီးနေကြရာ အင်အားတောင့်တင်းသည့်တပ်မတော်တစ်ရပ်ကို တည်ဆောက်ရပေလိမ့်မည်။ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဆိုသောစကားအတိုင်း နိုင်ငံသားများနှင့် တပ်မတော်သည် အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ၊ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ အား ထုတ်ပြန်ခဲ့သည်။ အဓိပ္ပာယ်မှာ "၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်စေရမည်"ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ၎င်းဥပဒေသည် အသစ်ပြဋ္ဌာန်းခြင်းမဟုတ်ပေ။ ၁၉၅၉ ခုနှစ်ကတည်းကပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြင်ဆင်ခဲ့ခြင်းဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း(၈)ခန်းပါဝင်ပြီး အခန်း(၁)တွင် စစ်မှုထမ်းရမည့်အသက်အရွယ်နှင့်ကာလကို ဖော်ပြထားသည်။ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက်၂၇ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်းဆိုလိုသည်။ ကျွမ်းကျင်သူအမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၄၅ နှစ် မပြည့်သေးသောနိုင်ငံသားကိုလည်းကောင်း၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသောနိုင်ငံသားကိုလည်းကောင်းဆိုလိုသည်။ ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဆိုလိုပါသည်။ အခန်း(၂)တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသောနိုင်ငံသားတိုင်းကို ၂၄ လထက်မပိုသည့် ကာလအပိုင်းအခြားအတွက် ဆင့်ခေါ်နိုင်သည်။ တပ်မတော်စက်မှုလက်မှုပညာသည်များအဖြစ် အမှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများ(ကျွမ်းကျင်သူများ)ကို၃၆လထက်မပိုသည့် ကာလအပိုင်းအခြားထိ ဆင့်ခေါ်နိုင်သည်။ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များကိုဖော်ပြထားရာ ဆင့်ခေါ်ရေးအဖွဲ့များအား မြို့နယ်၊ ခရိုင်၊ ပြည်နယ်တိုင်းဒေသကြီး၊ ဗဟိုအဆင့်ဆင့်ထိဖွဲ့စည်းသွားမည်ဖြစ်သည်။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှ စစ်မှုထမ်းဆောင်ရန်အရွယ်ရောက်သူများစာရင်းကို မြို့နယ်အဆင့်သို့နှစ်စဉ် ဇန်နဝါရီ ၁ ရက်အရောက် ပေးပို့ရပါမည်။ မြို့နယ်အဖွဲ့က အရည်အချင်းပြည့်မီသူများကို ဆင့်ခေါ်ကာ မှတ်ပုံတင်ထားရှိပြီး လက်မှတ်ထုတ်ပေးမည်။ ဆက်လက်၍ လက်မှတ်ရရှိထားသူများကို ဆေးစစ်ရန်ဖိတ်ခေါ်ပါမည်။ ဆင့်ခေါ်စာကို သက်ဆိုင်ရာကာယကံရှင်သို့ တိုက်ရိုက်ပေးအပ်မည်ဖြစ်ပြီး၊ မတွေ့ရှိပါက မိသားစုဝင်တစ်ဦးဦးထံသို့ သက်သေနှင့်အတူ ပေးအပ်ပါမည်။

အခန်း(၄)တွင် ပြည်သူ့စစ်မှုထမ်းများအတွက် ခံစားခွင့်များကို ဖော်ပြထားသည်။ ၎င်းအချက်များမှာ တပ်မတော်တွင် သတ်မှတ်ထားသည့်အဆင့်အလိုက် လစာနှင့်စရိတ်အတိုင်း ခံစားခွင့်ရှိခြင်း၊ စစ်မှုထမ်းကာလအတွင်း သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့လျှင် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနှင့်အကျုံးဝင်ပါက တပ်မတော်တွင် သတ်မှတ်ထားသော ခံစားခွင့်များရရှိခြင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ၎င်းတာဝန်ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ပေးခြင်း၊ တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းနှင့်အညီစစ်မှုထမ်းခွင့်ပြုခြင်း၊ ပါရဂူဘွဲ့ရရှိသူများ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရသူများနှင့် အခါအားလျော်စွာ သတ်မှတ်သည့်အရည်အချင်းနှင့်ပြည့်စုံသူများကို ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်း စသည်တို့ဖြစ်ပါသည်။ အခန်း(၅)တွင်စစ်စည်းရုံးခြင်းကိစ္စရပ်များကို ဖော်ပြထားသည်။ အခန်း(၆)တွင် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းကို ဖော်ပြထားရှိရာကင်းလွတ်ခွင့်ရမည့် သူများမှာသာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည် အမျိုးသမီးများ၊ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးများလည်း ပါဝင်သည်) ကိုယ်လက်အင်္ဂါ တစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊ တပ်မတော်ဆေးစစ်ဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်း ရန်အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ရရှိထားသူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဘုတ်အဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ စသည်တို့ဖြစ်ကြပါသည်။ အခန်း(၇)တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ဖော်ပြထား၏။ အခန်း(၈)တွင် အထွေထွေကိစ္စရပ်များကို ဖော်ပြထားသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံတွင် "ပြည်သူ့စစ်မှုထမ်းဥပဒေ" ပြဋ္ဌာန်းခြင်းအားဖြင့် တပ်မတော်၏ကာကွယ်ရေးအင်အား၊ ပြည်သူလူထု၏ ကာကွယ်ရေးအင်အားနှင့် လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကို ပြသနိုင်မည်ဖြစ်သည်။ ယခုလိုပြသနိုင်ခြင်းဖြင့် ပြိုင်ဘက်ရန်သူမှာ စစ်နှင့်ယှဉ်ပြိုင်လိုစိတ်များပျောက်ကွယ်သွားပါမည်။ ထို့ပြင် နိုင်ငံတော်လုံခြုံရေးအခြေအနေများကို ကြိုတင်သိရှိနိုင်၏။ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်စေသည်။ ပြည်သူအားလုံးပါဝင်သည့် စနစ်ကို ဖော်ဆောင်မည်ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေးနှင့် ကာကွယ်ရေးတို့တွင် ဟန်ချက်ညီစေသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ပြည်သူလူထုတစ်ရပ်လုံးတွင်လည်း တာဝန်ရှိပါသည်။ ထို့ကြောင့် "နိုင်ငံတော်ကိုကာကွယ်ဖို့ ပြည်သူ့စစ်မှုထမ်းကြစို့"ဟု ရေးသားနှိုးဆော်တိုက်တွန်းလိုက်ရပါတော့သည်။

**ကိုးကား**

- **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၂၄**
၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၄ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၆ အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | စစ်ထောက်ချုပ် စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | စစ်ဥပဒေချုပ် စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ထ) | စစ်ရေးချုပ် စစ်ရေးချုပ်ရုံး | အတွင်းရေးမှူး |
| (ဒ) | ညွှန်ကြားရေးမှူး ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

**အမိန့်အရ**
**မော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့နှင့် မကွေးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်



မန္တလေး အောင်မြေသာစံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။



ပြင်ဦးလွင်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။



ကျောက်ဆည်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။



မကွေးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ရွှေမန်းတောင်လှူငယ်အားကစားကွင်း၌ လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌လည်းကောင်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘုရားဝင်းအတွင်း၌လည်းကောင်း၊ မိတ္ထီလာမြို့ရှိ ခရိုင်အားကစားကွင်းအတွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကံသာကန်ပေါင်၌လည်းကောင်း အသီးသီးပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံ တိုင်းရင်းသားမျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာ လမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကိုကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့်ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက် ဆန္ဒထုတ်ဖော်ဟောပြောကာ ငြိမ်းချမ်းစွာလူစုခွဲခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ဘက်စုံစိုက်ပျိုး၊မွေးမြူရေးခြံမှ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ဥစားကြက်၊ Evap Type ဥစားကြက်၊အသားတိုးနွား၊နို့စားနွား၊ ငါးမွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် တိုင်းစစ်ဌာနချုပ်ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်နိုင်ရေး ပြင်ဆင်ထုပ်ပိုးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ လာရောက်ဝုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်နိုင်ရေး မန္တလေးမြို့ရှိ မြို့တော်ခန်းမ၌ ပြင်ဆင်ထုပ်ပိုးနေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းထားသော စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ပြည်ထောင်စုနေ့နှင့်အမျိုးသားရေးတာဝန်"** ခေါင်းစဉ်ဖြင့် ၁၄-၂-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပါယ်မကြောက်၊ငရဲမကြောက် သတ်ဖြတ်နေကြသူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များနှင့် အငြိမ်းစားဝန်ထမ်းဟောင်းများ ဖူးမြော်ကြည်ညို




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များနှင့် အငြိမ်းစားဝန်ထမ်းဟောင်းများ ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့်ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များ၊ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၂၄၉ ဦးတို့သည် ယနေ့နေ့လယ်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့်အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန်အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် သံဃာတော်များ၊ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်ဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးသံဃာတော်များ၊ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂမဟာပဏ္ဍိတ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဖားအောက်တောရစာသင်တိုက်မှ သံဃာတော် ၁၂ ပါးနှင့် ရှင်သာမဏေ ၁၃၅ ပါး အပါအဝင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် သံဃာတော်များ၊ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ၏ ရင်တွင်းစကားသံများကိုယခုလိုကြားသိခဲ့ရပါတယ်-



"စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်က လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ အခုလို လာရောက်ဖူးမြော်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတွေက တကူးတကစီမံပြီး ရဟန်းရှင်လူများဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံး အလှည့်ကျဖူးမြော်နိုင်အောင် စီမံပေးထားတာဖြစ်ပါတယ်။ ရဟန်းရှင်လူများနဲ့ မလာရောက်နိုင်သေးတဲ့ ဒါယကာ၊ ဒါယိကာမအပေါင်းတို့လည်း ကိုယ်တိုင်ကိုယ်ကျမဟုတ်တောင်မှ အစိုးရကစီစဉ်ပေးတာပဲဖြစ်ဖြစ်၊ မိသားစုလိုက်ပဲဖြစ်ဖြစ်၊အကြောင်းအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ပြီးတော့ ဖူးမြော်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ပဲ အာလုံးသော ဒါယကာ၊ဒါယိကာမပရိသတ်အပေါင်း သူတော်ကောင်းတို့လည်း ဒီထက်မက အမျိုးဘာသာသာသနာကိုစောင့်ရှောက်နိုင်တဲ့ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်မြတ်များဖြစ်ကြပါစေ။"

"အငြိမ်းစားအဖွဲ့တွေကို လာပြီးတော့မှ ပို့ဆောင်ပေးတဲ့အတွက် အခုလိုရောက်ရှိလာတာပါ။ ဒီကိုရောက်တဲ့အချိန်မှာအရမ်းပီတိဖြစ်ရပါတယ်။ဘုရားကြီးကို ကြည့်ပြီးတဲ့အခါကျတော့ ကြည်ညိုတဲ့အမြင် ဘယ်မှာမှ မရှိသေးတဲ့ ဘုရားကြီးကိုဖူးမြော်လိုက်ရတဲ့အတွက် တော်တော်လေး ရင်ထဲမှာပီတိဖြစ်ရပါတယ်။ လာရောက်ပို့ဆောင်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ခေါက် ရောက်ဖို့ဆိုတာကလည်းမလွယ်ပါဘူး။ အတိုင်းမသိဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ မိသားစုနဲ့ရောက်



ဖို့ဆိုတာက တစ်နယ်နဲ့တစ်နယ် လွယ်တဲ့ကိစ္စမှမဟုတ်တာ၊မလွယ်တဲ့နေရာကို အခုလို ပို့ဆောင်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။"

# တောင်ကြီးတပ်နယ်နှင့် ဟိုပုံးတပ်နယ်တို့ရှိ တပ်တွင်းမူလတန်းကြိုကျောင်း ကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတပ်နယ်(နယ်မြေ- ၁/၂)နှင့် ဟိုပုံးတပ်နယ်တို့ရှိ တပ်တွင်းမူလတန်းကြိုကျောင်း ကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်တွင်း မူလတန်းကြိုကျောင်း ကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲပြုလုပ်စဉ်။

ဦးစွာ တိုင်းစစ်ဌာနချုပ် တပ်တွင်းမူကြိုကျောင်းမှ ကလေးငယ်များက ပြည်ထောင်စု၏ ထာဝရအလှသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြသည်။ ထို့နောက် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးရှိ မူကြိုကျောင်းများမှ ကလေးငယ်များက ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် ကလေးငယ်များကို တာဝန်ရှိသူများက ဆုများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၁၂ ဌာနတို့၌ ဖြေဆိုသူ ၁၃၄၀၁ ဦး၊ အောင်မြင်သူ ၁၁၂၉၈ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၁၂၉၅ ဦးရှိ၍ ပြည်တွင်း၊ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ် ဒဂတ-၁၁၈ ဒေါ်ကြည်ကြည်မာ ဒဂုံမြို့သစ်(တောင်ပိုင်း)စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး။

(၂) **ဒုတိယ**

ခုံအမှတ် တတ-၁၅ ဒေါ်သက်ပိုင်စိုး တွံတေးစာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး။

(၃) **တတိယ**

ခုံအမှတ် ထီလာ-၅၆ ဒေါ်သန္တာစိုး မိတ္ထီလာစာဖြေဌာန မန္တလေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၃ ဌာနတို့၌ ဖြေဆိုသူ ၁၈၇၆ ဦး၊ အောင်မြင်သူ ၁၅၁၁ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၃၁၅ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ် လှိုင်-၃၇ ဒေါ်မဥ္ဇူစိမ်း လှိုင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး။

(၂) **ဒုတိယ**

ခုံအမှတ် ပုရ-၁၇ ဒေါ်မွန်မွန်ရည် အမရပူရစာဖြေဌာန မန္တလေးတိုင်းဒေသကြီး။

(၃) **တတိယ**

ခုံအမှတ် ဟပ-၂ မသုမနထေရီ ဟိုပင်စာဖြေဌာန ကချင်ပြည်နယ်။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၂ ဌာနတို့၌ ဖြေဆိုသူ ၁၄၈၇ ဦး၊ အောင်မြင်သူ ၁၂၇၉ ဦး နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၁၇၇ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ် ဒိုက်-၅ ဒေါ်ဟေမာန်ငြိမ်းချမ်း ဒိုက်ဦးစာဖြေဌာန ပဲခူးတိုင်းဒေသကြီး။

(၂) **ဒုတိယ**

ခုံအမှတ် ခသ-၁၈ ဒေါ်အေးအေးသန်း ချမ်းမြသာစည်စာဖြေဌာန မန္တလေးတိုင်းဒေသကြီး။

(၃) **တတိယ**

ခုံအမှတ် အမဇ-၂ ဒေါ်မိမိရီ အောင်မြေသာစံစာဖြေဌာန မန္တလေးတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။



☆ **ကျောဖုံးမှအဆက်**

KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ ဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ မွန်ပြည်သစ်ပါတီ (NMSP)မှဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ဗဟိုဦးစီးကော်မတီဝင် နန်းမိုးမိုးစောနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဆက်ဆံရေးရုံး ဒုတိယတာဝန်ခံ ခွန်တီးလားတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား KNU/ KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်ပတ်သက်ပြီး အဖွဲ့အစည်းများ၏ သဘောထားများ၊ အကြံပြုချက်များကို အမြင်ချင်းဖလှယ်၍ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)အဖွဲ့ဝင် ခွန်ဥက္ကာနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က နိဂုံးချုပ် အမှာစကားပြောကြားကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုရှေးရှု၍ လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းရေးစားပွဲဝိုင်း၌ တွေ့ဆုံညှိနှိုင်းဖြေရှင်းကြရန်၊ ပဋိပက္ခကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်နေသည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးရေးနှင့် အကူအညီအထောက်အပံ့များအမြန်ဆုံးရရှိရေး ပဋိပက္ခတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသို့တိုက်တွန်းကြောင်းကို တက်ရောက်လာကြသူများက တူညီသည့်သဘောထားကို ထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားပြခန်းများသို့သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့သွားရောက်၍ မြန်မာ့အားကစားလှုပ်ရှားမှုပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှုပြခန်းများဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ မြန်မာ့အားကစားမော်ကွန်း ခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်တုများ၊ မြန်မာ့အားကစားမော်ကွန်းခန်းမ၊ ၂၀၁၆- ၂၀၂၀ ခုနှစ်အတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှုပြခန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရရှိခဲ့သူများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ အားကစားရွာနှင့် Social Zone ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများနှင့် အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)တို့ကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအတွင်းသို့ သွားရောက်လေ့လာကြရာ အားကစားနှင့် လူငယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း စတင်တည်ဆောက်ခဲ့မှု၊ လက်ရှိအားကစားပြိုင်ပွဲများကျင်းပနေမှုနှင့် လူငယ်များဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များပါဝင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ဆက်စပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားမိဘပြည်သူများအားလုံး ပိုမိုသိရှိနားလည်သဘောပေါက်စေဖို့ ကျွန်တော်တို့ ထပ်မံပြီးပြောပြသင့်တဲ့အချက်များကို ကျွန်တော်တို့ပြောပြပါမယ်။ ဒီဟာတွေပတ်သက်ပြီး တချို့သော ပြည်ဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှု၊ အချို့သော အကြမ်းဖက်အဖွဲ့များရဲ့ ဆောင်ရွက်မှုတွေပေါ့ သွေးတိုးလှုံ့ဆော်မှုတွေကြောင့် ဒါပြည်သူလူထုကြားထဲမှာ ဝေဖန်မှုတွေ၊ ပြည်သူလူထုကြားထဲမှာ တချို့သော စိုးရိမ်ပူပန်မှုတွေရှိနေတယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။

ပထမဦးဆုံး ကျွန်တော်ပြောလိုတာကတော့ ဒီနေ့ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရတာက ပြည်တွင်း၊ ပြည်ပဘေးအန္တရာယ်ဆိုတာထက် ကျွန်တော်တို့ ပထမအပိုဒ်မှာပါပြီးသားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံသားတိုင်း စစ်ပညာသင်ကြားဖို့၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့အတွက် ရည်ရွယ်တာပဲဖြစ်ပါတယ်။ ခုနကပြောတဲ့ ပြည်တွင်းအန္တရာယ်၊ ပြည်ပအန္တရာယ်ဆိုတာထက် ဒီဟာတွေအတွက် ရည်ရွယ်ပြီးလုပ်တာဖြစ်တယ်။ ဒီဥပဒေပြဋ္ဌာန်းလိုက်တာက ကျွန်တော်တို့အစိုးရတစ်ဆက်တည်းအတွက်လည်း မဟုတ်ဘူး။ ပိုပြီးအရေးကြီးတာက နောင်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော်မယ့် အစိုးရတွေလက်ထက်မှာအထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထား လက်ရှိကမ္ဘာမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေကိုပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်ရမှာဖြစ်တယ်။ ဒီနိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားအားလုံးမှာ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ အသိပညာတွေ တိုးပွားလာအောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဒါမှမဟုတ် အမျိုးသားစစ်မှုထမ်းစနစ် (Nationla Service) ပတ်သက်ပြီး အမျိုးမျိုးပြဋ္ဌာန်းပြီး လုပ်ဆောင်နေတာရှိပါတယ်။ ကျွန်တော်ပြောသလို ကျွန်တော်တို့နိုင်ငံ အိမ်နီးနားချင်း ငါးနိုင်ငံရှိပါတယ်။ အိမ်နီးနားချင်း ငါးနိုင်ငံမှာလည်း ဒီဥပဒေမပြဋ္ဌာန်းထားတဲ့နိုင်ငံ နှစ်နိုင်ငံပဲရှိပါတယ်။ ကျန်တဲ့သုံးနိုင်ငံမှာ ဒီဥပဒေပြဋ္ဌာန်းပြီးဖြစ်တယ်။ အဲဒီသုံးနိုင်ငံမှာ ပြဋ္ဌာန်းပြီးတော့ လက်တွေ့မလုပ်ဆောင်တဲ့နိုင်ငံ တစ်နိုင်ငံရှိတယ်။ လက်တွေ့အပြည့်အဝလုပ်ဆောင်နေတဲ့ နိုင်ငံတစ်နိုင်ငံရှိတယ်။ လက်တွေ့ဆောင်ရွက်နေတယ် အပြည့်အဝလုပ်ဆောင်နေတာမဟုတ်ဘူး Partianly ဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ အနီးစပ်ဆုံးအတွက် ပြောကြားခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့မိဘပြည်သူများကို ထပ်မံပြီးအသိပေးလိုတာက ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အခုပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အကျုံးဝင်မယ့် အကျုံးဝင်နိုင်တဲ့လူဦးရေဆိုတာက အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇သန်း စုစုပေါင်း ၁၃ သန်း နီးပါးရှိပါတယ်။ အဲဒီတော့ အဲဒီ ၁၃ သန်းလုံးကို တစ်ပြိုင်နက်တည်း စစ်မှုထမ်းစေဆောင်စေမှာလား မဟုတ်ပါဘူး။ အကျုံးဝင်တာပဲရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီစစ်မှုထမ်းဆောင်စေတယ်ဆိုတဲ့အထဲမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်တဲ့ သူ့ရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာပါပြီးသားဖြစ်ပါတယ်။ သူ့ရဲ့အဆင့်အလိုက် စစ်သည်တွေနဲ့ တူညီတဲ့အခွင့်အရေး၊ စစ်သည်တွေနဲ့ တူညီတဲ့လေ့ကျင့်ရေး ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ စစ်သည်တွေနဲ့ တူညီတဲ့လေ့ကျင့်ရေး၊ စစ်သည်တွေနဲ့ တူညီတဲ့အခွင့်အရေးဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လစာ၊ ရိက္ခာ၊ ခံစားခွင့်အကုန်လုံးကို ကျွန်တော်တို့က ပေးရတာဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတော်ဘတ်ဂျက်ကနေ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးဆောင်ရွက်ရတဲ့အခါမှာ အနည်းဆုံးစရိတ်ပထမဦးဆုံးဆောင်ရွက်ရတဲ့အခါမှာ စစ်သည်မဖြစ်သေးဘူး။ ဒီနိုင်ငံသူ၊ နိုင်ငံသားတွေကို ခေါ်ယူမယ်ဆိုရင် ပထမဦးဆုံး ဆေးစစ်ရပါတယ်။ တစ်ဦးချင်း တစ်ဦးချင်းရဲ့ ဆေးစစ်တဲ့ကုန်ကျစရိတ် တင်မနည်းပါဘူး။ အနည်းဆုံးအဆင့်က မြန်မာငွေသောင်းဂဏန်းနဲ့ချီပြီး ကုန်ကျပါတယ်။ ဒါတွေကိုဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ပြင် ကျွန်တော်တို့က လေ့ကျင့်ပေးနိုင်ဖို့ လေ့ကျင့်ပေးနိုင်ဖို့ဆိုတာဟာ သူတို့ကိုလေ့ကျင့်ပေးတဲ့အခါမှာ ကျွန်တော်တို့က စစ်သည်တွေရဲ့ အဆင့် အတန်းအတိုင်း လေ့ကျင့်ပေးရတာဖြစ်တယ်။ အနည်းဆုံးအဆင့် လနဲ့ချီပြီးလေ့ကျင့်ရတာဖြစ်တယ်။ နှစ်တစ်နှစ်ရဲ့ လေးပုံတစ်ပုံအနည်းဆုံး လေ့ကျင့်ရတာဖြစ်ပါတယ်။ ဒီလေ့ကျင့်ရေးအတွက် ကုန်ကျစရိတ်တွေအဆင့်မှ လေ့ကျင့်ရေးအတွက် ဆောင်ရွက်မှုတွေ ဒါတွေလည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လက်ရှိအနေအထားနဲ့



လက်ရှိအနေအထားမှာ တပ်သားသစ်စုဆောင်းမှုတွေ သာမန်ဘောလန်ဒီယာ တပ်သားသစ်စုဆောင်းမှုဟာလည်း အရှိန်အဟုန်မကျပါဘူး သူ့လုပ်ငန်းနဲ့သူ ဆက်ပြီးလုပ်ဆောင်နေပါတယ်။ ဆက်ပြီးလုပ်ဆောင်နေတဲ့အထဲမှာ ကျွန်တော်တို့အနေနဲ့ ခုနကပြောတဲ့ လူဦးရေ ၁၃ သန်းပေါ့နော် အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းထဲမှာ အမျိုးသမီးတွေကို ထည့်မတွက်နဲ့အုံး အမျိုးသားတွေပဲ ထည့်တွက်အုံး အမျိုးသားတွေပဲထည့်တွက်ရင် ဒီ ၆ ဒသမ ၃ သန်းရဲ့ တစ်ရာခိုင်နှုန်းတစ်ရာခိုင်နှုန်းဆိုရင် ခြောက်သောင်းသုံးထောင်ရှိပြီဖြစ်ပါတယ်။ နှစ်ရာခိုင်နှုန်းဆိုရင် တစ်သိန်းနှစ်သောင်းရှိပြီဖြစ်ပါတယ်။ တစ်ဆယ်ရာခိုင်နှုန်းဆိုရင် လူဦးရေ ၆ သိန်းရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလောက်လူဦးရေလိုသလား တစ်ဆယ်ရာခိုင်နှုန်းလိုသလား မလိုနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ရပ်ကွက်၊ ကျေးရွာပေါင်း ခြောက်သောင်းရှိပါတယ်။ ရပ်ကွက်တွေပါထည့်တွက်ရင် ခြောက်သောင်းကျော်ရှိတယ်။ ရပ်ကွက်တစ်ခုမှာ စစ်မှုထမ်းဆောင်ဖို့၊ ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ တစ်ဦးထက် ဒါမှမဟုတ် နှစ်ဦးထက်ပိုစရာအကြောင်းမရှိပါဘူး။ သို့သော် ကျွန်တော်တို့ ဘာကြောင့်မို့လို့ ဒီဟာကိုလုပ်တာလဲဆိုတော့ ဒါတွေကိုလုပ်ရခြင်းအကြောင်းရင်းဟာ Long Term Plan မှာ နိုင်ငံတော်ကိုကာကွယ်နိုင်တဲ့စွမ်းရည်၊ နိုင်ငံတော်ကိုကာကွယ်နိုင်တဲ့စွမ်းအား၊ နိုင်ငံတော်ကိုကာကွယ်နိုင်တဲ့ပညာ နိုင်ငံသားအားလုံးတတ်သွားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ခုနကပြောခဲ့တဲ့ဟာအပြင် ကင်းလွတ်ခွင့်ရတဲ့လူတွေ ပုဒ်မ ၂၂ မှာ ကင်းလွတ်ခွင့်ရတဲ့လူတွေ ပြဋ္ဌာန်းထားတာရှိတယ်။ ဥပမာ သာသနာ့ဝန်ထမ်းများသိပြီးပြီ အိမ်ထောင်သည်အမျိုးသမီးများ ဒါတွေပါပါတယ်။ နောက်ပြီးတော့ သီးသန့်ဘုတ်အဖွဲ့ကနေ အမိန့်ထုတ်ပြီးတော့ ကင်းလွတ်ခွင့်ရတဲ့သူများလည်း ပါသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ယာယီ ခုမိဘပြည်သူတွေ ခဏခဏမေးနေတဲ့ ကျောင်းသားတွေကလည်း အသက်အကျုံးဝင်ရင် စစ်ပညာတာဝန်ထမ်းဆောင်ရမှာလား၊ ဝန်ထမ်းတွေကလည်း တာဝန်ထမ်းဆောင်ရမှာလား ဆိုတဲ့ဟာမျိုးတွေ ပုဒ်မ ၁၅ အရ ယာယီရွှေ့ဆိုင်းခွင့်ရထားတဲ့သူတွေရှိပါတယ်။ ဒါတွေဟာ နိုင်ငံ့ဝန်ထမ်းတွေ ပညာရေးမပြီးသေးတဲ့ ပညာသင်ကြားနေတဲ့ ကျောင်းသားတွေ၊ အခြားပြုစုစောင့်ရှောက်မယ့် မိအိုဖအိုကိုပြုစုလုပ်ကျွေးနေတဲ့သူတွေ ဒါတွေပါပြီးသားဖြစ်ပါတယ်။ သို့သော် သူတို့အနေနဲ့ ခြွင်းချက်က တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး ပညာသင်ကြားမှုပြီးဆုံးသွားရင် အချိုးကျ ဒီနိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကနေပြီး လိုအပ်တဲ့နည်းဥပဒေတွေ၊ အမိန့်တွေ၊ ကြော်ငြာစာတွေ ထွက်လာအုံးမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့က ပြည်သူလူထုရဲ့အကျိုးကိုရှေးရှုပြီး နံပါတ်တစ်ဆောင်ရွက်မှာဖြစ်သလို နံပါတ်နှစ်အနေနဲ့ကတော့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်ကို နိုင်ငံသားအားလုံးက သိရှိနိုင်အောင်၊ နိုင်ငံသားအားလုံးတတ်မြောက်အောင်လည်း ရည်ရွယ်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်ပြောချင်တာက ဒီပြည်ဖျက်မီဒီယာတွေအနေနဲ့က အားလုံးကို သူတို့သိပါတယ်။ အခုလောလောဆယ် ပဋိပက္ခဖြစ်ပွားခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေမှာ မဖြစ်မနေ အသက် ၁၅ နှစ်ကနေပြီး အသက် ၅၀ ကြား တစ်အိမ်ကိုတစ်ယောက်၊ တချို့နေရာတွေမှာ တစ်အိမ်ကို နှစ်ယောက် ယောကျာ်း ရော၊ မိန်းမရောမရွေး အတင်းအကျပ် သောင်းကျန်းသူအဖွဲ့ထဲသွင်းနေတာကို ဘာမှအသံမှမထွက်ဘဲနဲ့။ အခုဒါနဲ့ပတ်သက်ပြီးတော့ ဝိုင်းဝန်းအသံထွက်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ နိုင်ငံတော်ကာကွယ်ရေးပညာတတ်သွားမှာ သိပ်စိုးရိမ်တယ်။ ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားတွေ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်းနဲ့ စည်းလုံးညီညွတ်မှုရှိသွားမှာကို သူတို့သိပ်ပြီးစိုးရိမ်တယ်။ ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားတွေ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်လာမှာကို သူတို့သိပ်ပြီးစိုးရိမ်တယ်။ ဘာကြောင့်စိုးရိမ်လည်းဆိုတာ ရှင်းပါတယ်။ တချို့သော တချို့သော EAOs အဖွဲ့အစည်းထဲမှာရှိတဲ့ ကျွန်တော်တို့က တိုင်းရင်းသားလို့ပြောနေကြတဲ့သူတွေဟာ တိုင်းရင်းသားစိတ်ဓာတ်ပျောက်နေပါပြီ။ သူတို့ရဲ့ပြုမူပုံ၊ ပြောဆိုပုံ၊ လုပ်ဆောင်ပုံတွေကိုကြည့်ရင် တိုင်းရင်းသားစိတ်ဓာတ်ပျောက်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့ရဲ့နောက်ကွယ်မှာရှိတဲ့ ထောက်ပံ့ပေးထားတဲ့ အဖွဲ့အစည်းတွေ၊ သူတို့ရဲ့နောက်ကွယ်မှာရှိတဲ့ ထောက်ပံ့ပေးထားတဲ့ နိုင်ငံတွေရဲ့အပေါ်မှာမှုတည်ပြီး တိုင်းရင်းသားစိတ်ဓာတ်ပျောက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကိုယ်စားပြုစစ်ဆင်ရေး (Proxy War) လုပ်နေတဲ့၊ သူတို့ခံပြီး Proxy War လုပ်နေရင်းကနေပြီး တိုင်းရင်းသားစိတ်ဓာတ်ပျောက်ကွယ်သွားတာဖြစ်ပါတယ်။ ဒါတွေဟာ တစ်ခါတစ်ရံမှာ နိုင်ငံတော်အတွက် စိုးရိမ်စရာကောင်းတဲ့ အခြေအနေတွေဖြစ်ပါတယ်။ ဒါတွေအတွက် ကျွန်တော်တို့ဟာ ရေရှည်မျှော်မှန်းပြီး ဒီအစိုးရတစ်ဆက်တည်းမဟုတ်ဘူး။ နောင်ဒီမိုကရေစီအစိုးရအဆက်ဆက်အတွက် ရေရှည်မျှော်မှန်းပြီး ကျွန်တော်တို့ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒါတွေကို မြန်မာစိတ်ရှိတဲ့ မြန်မာတိုင်း မိမိကိုယ်ကိုမိမိ We are Myanmar လို့ယူဆထားတဲ့၊ မိမိကိုယ်ကိုမိမိ We are Myanmar ဆိုပြီး မျိုးချစ်စိတ်ရှိတဲ့ နိုင်ငံချစ်စိတ်ရှိတဲ့ မိဘပြည်သူတိုင်းက နားလည်သဘောပေါက်ကြဖို့၊ ဝိုင်းဝန်းဆောင်ရွက်ကြဖို့၊ လူငယ်လူရွယ်များအနေနဲ့လည်း နိုင်ငံတော်ကာကွယ်ရေးပညာဆိုတာဟာ နိုင်ငံသားအားလုံး တတ်သိထားသင့်တဲ့ပညာဆိုတာကို လက်ခံသဘောပေါက်ပြီး နိုင်ငံချစ်စိတ်ရှိကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါ့ပြင် ဒီနေ့မှာဆိုရင် ကျွန်တော်တို့က အရန်တပ်ဖွဲ့ဥပဒေကို အာဏာတည်စေမှာဖြစ်ပါတယ်။ ဒီအရန်တပ်ဖွဲ့ဥပဒေဟာလည်း ကျွန်တော်ပထမဦးဆုံးပြောတဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အတူတူ တစ်နေ့တစ်ရက်တည်း ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဖြစ်ပါတယ်။ ဥပဒေအမှတ် ၂၈/၂၀၁၀ နဲ့ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထဲမှာ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဖြစ်ပါတယ်။ အဲ့ဒီဥပဒေမှာ အဓိကက စစ်မှုထမ်းတွေနဲ့ စစ်မှုထမ်းဟောင်းတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ အဓိကအနှစ်ချုပ်ကတော့ တပ်မတော်ကနေပြီးတော့ နုတ်ထွက်ခွင့်၊ အငြိမ်းစားယူခွင့်ရထားတဲ့နေ့ကနေစပြီး ငါးနှစ်အထိထဲမှာ အကျုံးဝင်တဲ့သူတွေဟာ အရန်အဖြစ် အရန်တပ်ဖွဲ့၌ စစ်မှုထမ်းဆောင်ရန် တာဝန်ရှိပါတယ်။ ဒီနေရာမှာလည်း အားလုံး ကျွန်တော်တို့က ငါးနှစ်အတွင်းမှာ အကျုံးဝင်တဲ့သူတွေအားလုံးကို တာဝန်ထမ်းဆောင်ခွင့်ပေးမှာမဟုတ်ပါဘူး။ လိုအပ်တဲ့သူတွေ၊ တကယ့်ကို နိုင်ငံတော်အတွက် လိုအပ်တဲ့သူတွေလောက်ပဲ တာဝန်ထမ်းဆောင်ခွင့်ပေးမှာဖြစ်ပါတယ်။ ဒါ့ပြင် ကျွန်တော်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးလည်း ထပ်ပြီးပြောလိုပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆောင်ရွက်တဲ့နေရာမှာ အားလုံးငြိမ်းခြောက်ခံနေရတာက ဒီနေ့ပဲသေနတ်ကိုင်ပြီး ဒီနေ့ပဲ ရှေ့တန်းထွက်ရမယ်လို့ပြောနေကြတယ်။ မဟုတ်ပါဘူး။ ကျွန်တော်တို့ Profes-sional စစ်သားတစ်ယောက်၊ Professional နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တဲ့သူတွေလို စစ်ပညာ၊ နိုင်ငံတော်ကာကွယ်ရေးပညာကို အပြည့်အဝသင်ကြားပြီးမှ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် စစ်တိုက်ဖို့တစ်ခုတည်းတင်မဟုတ်ပါဘူး။ ဒီနေ့ခေတ်သစ်စစ်ပွဲတွေမှာ အရင်တုန်းက စစ်ဆင်ရေး၊ စစ်ဆင်မှုဆိုတာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ရင် စစ်ဆင်ရေး၊ စစ်ဆင်မှုဆိုတာ နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်းလို့ပြောတယ်။ ဒီနေ့ ဒီထက်ကျယ်ပြန့်လာပါတယ်။ နိုင်ငံတော်ကာကွယ်ရေတာဝန်ဆိုတဲ့နေရာမှာ လက်နက်ကိုင်ပြီး၊ သေနတ်ကိုင်ပြီးစစ်တိုက်နေမှ နိုင်ငံတော်ကာကွယ်ရေးတာဝန်မဟုတ်ပါဘူး။ ကွန်ပျူတာ၊ အိုင်တီကျွမ်းကျင်တဲ့သူတွေကလည်း မိမိနိုင်ငံကို Cyber တိုက်ခိုက်မှုအတွက် ကာကွယ်ရမယ့်တာဝန်ရှိတယ်။ စီးပွားရေးအရ ကျွမ်းကျင်တဲ့သူတွေကလည်း မိမိနိုင်ငံကို စီးပွားရေးအရ ထိုးနှက်လာတာတွေကို မိမိနိုင်ငံဘက်က မိမိအကျိုးကိုကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေရှိတယ်။ ဒါကြောင့်မို့ ပြည်သူ့စစ်မှုထမ်းစနစ်ကို ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့အနေနဲ့ မိမိရဲ့သက်ဆိုင်တဲ့၊ ကျွမ်းကျင်တဲ့ပညာရပ်တွေအလိုက် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ဖို့ အခြေခံစစ်ပညာသင်ကြားပြီး ဒီတာဝန်တွေကို ဆက်လက်ထမ်းဆောင်နိုင်ဖို့အတွက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံး၊ မိဘပြည်သူအားလုံးကသိရှိပြီး၊ လူငယ်အားလုံးကသိရှိပြီး၊ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ကျေပွန်စွာ၊ ဂုဏ်ယူစွာ ထမ်းဆောင်နိုင်ကြစေဖို့ ဆန္ဒပြုလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကောလင်းမြို့ရှိ ရပ်ကွက်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများ၏ အဖိုးတန်ပစ္စည်းများကို တပ်မတော်သားများက ကားများဖြင့်သယ်ယူနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင်တိုက်ပွဲများပြင်းထန်နေပြီး တပ်မတော်မှထိခိုက်ကျဆုံးမှုများပြားမှုကြောင့် မြို့ပေါ်ရပ်ကွက်များကို မီးရှို့ဖျက်ဆီးနေကြောင်းနှင့် စစ်ရှောင်ပြည်သူများ၏ နေအိမ်များအတွင်းရှိ အဖိုးတန်ပစ္စည်းများကိုလည်း စစ်ကားများဖြင့် သယ်ဆောင်သွားကြကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများကို အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါကောလင်းမြို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများကို အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊နေရပ်စွန့်ခွာပြည်သူများ၏ နေအိမ်များကို ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်းများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်းခဲ့ရာတွင်လည်း အကြမ်းဖက်သမားများအနေဖြင့် လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ၎င်းတို့ထောင်ထားသည့် မိုင်းများကြောင့် ကောလင်းမြို့ပေါ်ရှိ နေအိမ်အချို့မီးလောင်ပျက်စီးခဲ့ရပြီး ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးနေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များတွင် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ကလေးမြို့နယ်တွင် တပ်မတော်က အမျိုးသား ၄၀ ကျော်ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးမှုများဆက်တိုက်လုပ်ဆောင်လာကြောင်း ကောလာဟလသတင်းများဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဘုံတောကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ ရက်က အမျိုးသား ၄၀ နီးပါးကို တပ်မတော်က ဖမ်းဆီးသွားကြောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်ကလည်း ကလေးမြောက်ပိုင်း ကျီကုန်းရွာမှ သီရိလင်္ကာဘုန်းကြီးကျောင်းတွင် ဒကာစမှုးကိုယ်တိုင်ဆင်းကာ ပြည်သူစစ်အတွက် လူအင်အား ၄၀ မဖြစ်မနေပေးရန် တောင်းသွားသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါ သတင်းနှင့်ပတ်သက်၍ ကလေးမြို့မှ လုံခြုံရေးတာဝန်ခံအရာရှိတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၂ ရက်တွင် တပ်မတော်က ဘုံတောကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်း၊ အမျိုးသားဦးရေ ၄၀ကို ဖမ်းဆီးသည်ဆိုသည်မှာလည်း သတင်းမှားသာဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်တွင် ကျီကုန်းရွာ သီရိလင်္ကာဘုန်းကြီးကျောင်းတွင် ဒကစမှုးက ပြည်သူစစ်အဖွဲ့ဝင်များနှင့်သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများဆောင်ရွက်မှုကို ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံသတင်းများ လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၂၇၅၇ ဒသမ ၆ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပင်လိန်ကျေးရွာအုပ်စု ပွဲကောက်ကျေးရွာအနီးတွင် နန်းဝင်းကျော် မောင်းနှင်ပြီး နိုင်လင်းထွန်းလိုက်ပါလာသည့် TOYOTA IPSUM အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၂၉၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၆ နာရီ ၄၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် ၁၀၁ လမ်းနှင့် ၆၃ လမ်းထောင့်တွင် ထိန်လင်းအောင်(ခ) ရန်ပီဖူးအား မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ၆၅ လမ်းနှင့် ၄၃ လမ်းထောင့်တွင် လီရှင်းဖင်(ခ)ထွန်းထွန်းအား BOR-GWARD အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် နန်းဝင်းကျော် ၃၀ နှစ်၊နိုင်လင်းထွန်း ၃၆ နှစ်၊ ထိန်လင်းအောင်(ခ)ရန်ပီဖူး ၂၆ နှစ်နှင့် လီရှင်းဖင်(ခ)ထွန်းထွန်း ၃၀ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**နန်းဝင်းကျော်၊နိုင်လင်းထွန်း၊ထိန်လင်းအောင်(ခ)ရန်ပီဖူးနှင့် လီရှင်းဖင်(ခ)ထွန်းထွန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Wai Moe Naing"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ ကျော်ကျော်မင်းအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "မောင်စိန်ဝင်းလယ်ဝေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာနေ နေဝင်းအား ညနေ ၃ နာရီတွင်လည်းကောင်း တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။


## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၄-၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူကြားက ပြည်သူစကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# အမေ့အသည်းမှ ပြောသောစကား

ချစ်သက်(မြန်မာစာ)



(၁)

"ဘာ အောင်ထွန်း မိန်းမယူတော့မယ် ဟုတ်လား"

အစ်ကိုဖြစ်သူ ဦးတင်ထွန်း၏စကားကြောင့် ညီမဖြစ်သူ ဒေါ်ရွှေအိမှာ မျက်နှာတစ်ချက် ပျက်သွား၏။ အောင်ထွန်းသည် ဒေါ်ရွှေအိ၏ သားလတ်ဖြစ်သည်။ သားသမီးငါးယောက်အနက် အဆိုးဆုံး၊ အမိုက်ဆုံး၊ မိဘကို စိတ်ဒုက္ခအပေးဆုံးသားသမီးကိုပြပါဆိုလျှင် သားလတ် အောင်ထွန်းကို ပြရပေမည်။

"ဟုတ်တယ် ရွှေအိ။ မကောင်းကျောင်းပို့တော့ လုပ်လို့မဖြစ်ဘူးထင်တယ်နော်။ အောင်ထွန်း ဘယ်လောက်ဆိုးလဲဆိုတာနင်လဲအသိ။ အဲဒီဒဏ်ကို ကောင်မကလေး ဆက်ခံနေရလိမ့်မယ်"

"အစ်ကိုကြီးရယ် အဲဒီလိုလဲ ညီမသားလေးက အဆိုးကြီးမဟုတ်ပါဘူး။ မိသားစုအပေါ် ဆိုးလို့ရလို့ ဆိုးနေတာပါ။ အိမ်ထောင်ကျပြီဆိုတော့ စိတ်ပြောင်းပြီး လိမ္မာလာမယ်လို့ မျှော်လင့်မိတယ်။ အခုက ကောင်မကလေးကိုလဲ ခိုးပြီးပြီဆိုတော့ မိဘတို့ ဝတ္တရားအရ လုပ်စရာရှိတာ ဆက်လုပ်ပေးရမှာပေါ့။ အဲဒါ ကိုကြီးကို လာပြောတာ"

ဒေါ်ရွှေအိသည် စကားပြောအပြီး မိမိအိမ်သို့ ပြန်လာခဲ့သည်။ မင်္ဂလာကိစ္စအတွက် အစစအရာရာ စီစဉ်ရပေဦးမည်။ တမလွန်သို့သွားရှာပြီဖြစ်သော ခင်ပွန်းကိုလည်း တမ်းတရုံမှတစ်ပါး အခြားမရှိပေ။ အိမ်ထောင်ကျစက ကြိုးစားရှာဖွေထားသော လက်ဝတ်ရတနာ၊ လယ်၊ ကိုင်း ကုန်သလောက်ရှိပြီလေ။ သမီးနှစ်ယောက်အတွက် မင်္ဂလာကိစ္စမှာ ထည့်တင်ပစ္စည်းမပေးရသော်လည်း သားကြီးနှစ်ယောက်အတွက် မင်္ဂလာခန်းဝင်ပစ္စည်း ထည့်ပေးရသည့်အပြင် သားလတ် အောင်ထွန်း၏ ဆိုးမိုက်ဒဏ်ကိုလည်း ခံခဲ့ရသည်မို့ လယ်အနည်းငယ်သာ ရှိတော့သည်။ ယခုတော့ သားလတ်အတွက် မင်္ဂလာခန်းဝင်ပစ္စည်း မည်သို့ကြံရမည်နည်း။ ရှိသည့်လယ်လေးပေးလိုက်လျှင်လည်း ဒေါ်ရွှေအိ ဘာလုပ်ကိုင်စားသောက်ရမည်ကို စဉ်းစားမရ ဖြစ်နေတော့သည်။

(၂)

အောင်ထွန်း၏ မင်္ဂလာပွဲတွင် မိခင်ဒေါ်ရွှေအိက မင်္ဂလာခန်းဝင်ပစ္စည်းအဖြစ် နွားမလေးတစ်ကောင်နှင့် ခန်းဝင်ပစ္စည်း အကြမ်းလောက်သာ ပေးခဲ့သည်။ ကျန်ရှိနေသောလယ်ကွက်ကို ထည့်မပေးခဲ့ပေ။ အောင်ထွန်း၏ဇနီး သက်မှူးခင် မိဘများမှာ သမီးကို ဆင်ပေးထားသော လက်ဝတ်ရတနာများကိုသာ ပေးခဲ့သည်။ အောင်ထွန်းသည် မင်္ဂလာဆောင်အပြီး ဇနီးသက်မှူးခင်၏ဇာတိသို့ လိုက်သွားရသည်။

အောင်ထွန်းနှင့် သက်မှူးခင်သည် တစ်မြို့နယ်တည်းဖြစ်သော်လည်း တစ်နေရာနှင့်တစ်နေရာသွားရန် ၁၀ မိုင်ခန့် ဝေးလေသည်။ အောင်ထွန်းသည် ယောက္ခမများနှင့် အတူမနေဘဲ အိမ်ခွဲ၍နေသည်။ အပေါင်းအသင်း မိတ်ဆွေများနှင့်အတူ ဝက်ဝယ်သည်။ ဝက်မွေးသည်။ ပြန်ရောင်းသည်။ ရရာအလုပ်ကိုလည်း လုပ်သည်။ တစ်ခါတလေ ယောက္ခမ၏လယ်ထဲသို့ ဆင်း၍ ကူညီသည်။ အောင်ထွန်း၏ ကောင်းသော အကျင့်တစ်ခုမှာ ကွမ်း၊ ဆေးလိပ်၊ အရက်၊ ဘီယာမသောက်တတ်ခြင်းပင် ဖြစ်သည်။ ရသမျှငွေများကို ဇနီး သက်မှူးခင်ကို အပ်သည်။ မိဘလက်ထဲတွင် ဆိုးသလောက် အိမ်ထောင်ကျသောအခါ လိမ္မာလာ၏။ ခင်ပွန်းတာဝန်ကို ကျေပွန်သည်။ ထို့ကြောင့် အိမ်ထောင်ရေးမှာ အလွန်သာယာလှပေသည်။ ယခုဆို ချစ်စုဆိုသော သမီးလေးကို ပိုင်ဆိုင်ထားလေပြီ။ တစ်နေ့ အောင်ထွန်းတို့မိသားစု ထမင်းလက်ဆုံစားကြချိန်တွင်-

"သက်ရေ ကို ပြောစရာရှိလို့" ဟု အောင်ထွန်းက စကားစပျိုးလိုက်၏။

"ပြောလေ ကိုအောင်"

"ကိုအောင် စဉ်းစားနေတာ တစ်ခုရှိတယ်။ အဲဒါ သက်နဲ့ တိုင်ပင်မလို့။ ဟိုဟာလေ ကိုအောင် အလုပ်တစ်ခု ပြောင်းလုပ်မလားလို့"

အောင်ထွန်းသည် ဇနီးသက်မှူးခင်၏မျက်နှာကို တစ်ချက်ကြည့်လိုက်၏။ ဘာတုံ့ပြန်မလဲ စောင့်ကြည့်၏။ ထိုအခါ သက်မှူးခင်က-

"ဘာအလုပ်တုံး ကိုအောင်။ ပြောပါ သက်ကို ပွင့်ပွင့်လင်းလင်းပြော"

"ကိုအောင် လယ်လုပ်ချင်တယ်။ ဝက်လုပ်ငန်းက တို့မိသားစုရေရှည်အတွက် အဆင်မပြေလောက်ဘူး။ ကိုအောင် လယ်တွေကို ဦးစီးပြီး စာရင်းငှားတစ်ယောက်နဲ့ဆို အဆင်ပြေလောက်တယ်"

သက်မှူးခင်သည် အောင်ထွန်း၏စကားကို ကြားပြီး လယ်လုပ်ရန်သဘောတူလိုက်လေသည်။ မိမိတွင်ရှိသော လက်ဝတ်ရတနာများကိုရောင်း၍ လယ်ဝယ်သည်။ အောင်ထွန်းတစ်ယောက် စာရင်းငှားတစ်ယောက်နှင့် လယ်လုပ်ငန်းကို စတင်လုပ်ကိုင်သည်။ အဆင်ပြေလှပေသည်။ စာရင်းငှားခ စပါးတင်း ၁၀၀ ပေးပြီး စပါးတင်းသုံးလေးရာခန့် ရောင်းရသည်။ လေးနှစ်၊ငါးနှစ်အတွင်း သစ်သားအိမ်တစ်လုံး ဆောက်နိုင်ခဲ့လေသည်။ သက်မှူးခင်အတွက်လည်း လက်ဝတ်ရတနာများ ပြန်လည်လုပ်ပေးနိုင်ခဲ့လေသည်။

(၃)

"ဖေကြီးရေ ဘွားဘွားဆီက ဖုန်းလာတယ်"

အောင်ထွန်းသည် ဖုန်းကိုင်လိုက်၏။ ဒေါ်ရွှေအိနှင့် အောင်ထွန်း သားအမိနှစ်ယောက်စကားပြောဖြစ်ကြသည်။ ဖုန်းပြောအပြီးတွင် အောင်ထွန်း မျက်နှာမကောင်းပေ။ သက်မှူးခင် ရိပ်စားမိ၏။

"ကိုအောင် အမေ ဘာဖြစ်လို့လဲ"

"အထွေအထူးတော့ မရှိပါဘူး။ အငယ်မ အမေ့ဆီ ပိုက်ဆံလာရှာတာ အမေက ပိုက်ဆံမရှိတော့ ပန်ထားတဲ့ နားကပ်ချွတ်ပေးလိုက်တာတဲ့။ အမေလဲ စားရေးသောက်ရေး အဆင်မပြေဘူး ထင်ပါတယ်ကွာ"

"ကိုအောင်ကလဲ အမေ့မှာ လယ်ရှိသေးတာပဲ။ လယ်ခစား ချထားတယ်ဆို အဆင်မပြေလို့လား"

"မသိပါဘူးကွာ။ အမေ့ကိုတော့ အဲဒီအကြောင်း မမေးမိဘူး သက်။ ဒါနဲ့ သက်ကို တစ်ခုပြောချင်တယ်"

"ပြောလေ ကိုအောင်"

"ကိုအောင် ဒီနှစ် စာရင်းငှား မခေါ်တော့ဘဲ လယ်တွေကို ကိုအောင်တစ်ယောက်ထဲ လုပ်တော့မယ်။ စာရင်းငှားခ စပါးတင်း၁၀၀ ကို တို့ အပိုရတာပေါ့။ ပြီးရင် အမေ့ကို တစ်နှစ် စပါးတင်း ၂၀ လောက် ပေးချင်တယ်။ အမေ့အသက်ကလဲ ကြီးပြီလေ သက်"

သက်မှူးခင်သည် အောင်ထွန်း၏ ပြောစကားများကို နားထောင်ပြီးနောက် အောင်ထွန်း၏ သဘောဆန္ဒကို သဘောတူလိုက်၏။

(၄)

အောင်ထွန်းသည် အလုပ်ကို ပိုကြိုးစား၏။ နံနက် ၄နာရီထသည်။ နွားတစ်ရှဉ်းနှင့်အတူ လယ်ထဲကို စောစောသွားသည်။ အလုပ်လုပ်သည်။ အောင်ထွန်း ကြိုးစားသလောက် စပါးအထွက်တိုး၏။ အောင်ထွန်း အပျော်ရွှင်ဆုံးအချိန်သည် မိခင် ဒေါ်ရွှေအိကို စပါးတင်း ၂၀ သွားပို့သောအချိန်ဖြစ်သည်။ သို့သော် မိခင်နားပေါက်ကိုကြည့်၍ စိတ်မကောင်းဖြစ်ရပြန်သည်။ အောင်ထွန်း၏ ညီမသည်လည်း အိမ်ထောင်ကွဲ၍ မိခင်ဒေါ်ရွှေအိနှင့် အတူနေသည်။ တစ်နေ့ ဒေါ်ရွှေအိ တစ်ယောက် သား အောင်ထွန်းအိမ်သို့ ရောက်လာခဲ့သည်။

"ဘာ အမေ လယ်ရောင်းမလို့ ဟုတ်လား"

"ဟုတ်တယ် သား။ မင်း အစ်ကိုကြီး အရောင်းအဝယ်လုပ်ရင်း ငွေအလိမ်ခံရလို့တဲ့။ ပိုက်ဆံမပေးရင် ထောင်ထဲရောက်မယ်တဲ့။ မင်း အစ်မကလဲ ငွေချေးဖို့ လာပြောတယ်။ အမေပိုင်တာဆိုလို့ ဒီလယ်လေးပဲ ရှိတာ။ ဒါလေး ရောင်းလိုက်ရင်တော့ အားလုံး အဆင်ပြေသွားမယ် သား"

မျက်ရည်များ ကျနေသော မိခင်ဒေါ်ရွှေအိကို ကြည့်၍ အောင်ထွန်း သနားလာသည်။ ရင်နာလာသည်။

"တောက် အကြီးတွေဖြစ်ပြီး ဘာမှသုံးစားမရဘူး။ အမေ့ဆီ လက်ဖြန့်ဖို့လောက်ပဲ သိတဲ့ဟာတွေ"

အောင်ထွန်း တက်ခေါက်လိုက် စကားပြောလိုက်။ သက်မှူးခင်မှာ မိခင်နှင့်သား နှစ်ယောက်ကြားကို ဘာစကားတစ်ခွန်းမှ ဝင်မပြောခဲ့ပေ။ ခဏအကြာ-

"အမေ သားက အမေ့ပစ္စည်းကိုမက်လို့ ပြောနေတာ မဟုတ်ဘူး။ အမေ့လယ်တွေလဲ သား မလိုချင်ဘူး။ အမေ စိတ်ချမ်းသာတာပဲ သား လိုချင်တာ"

အောင်ထွန်းသည် စကားပြောပြီးပြီးချင်း မိခင်ဒေါ်ရွှေအိ ရှေ့မှ ထွက်သွားသည်။ မျက်ရည်များဖြင့်သာ ဒေါ်ရွှေအိ ကျန်ခဲ့ရလေသည်။

(၅)

ဒေါ်ရွှေအိတစ်ယောက် သား အောင်ထွန်းထံ အလာစိပ်လာ၏။ ဒေါ်ရွှေအိလာတိုင်း အောင်ထွန်းမှာ ဆီ၊ ဆန်၊ ဆား၊ ပိုက်ဆံပေးတတ်သည်။ ချွေးမဖြစ်သော သက်မှူးခင်မှာ သားအမိနှစ်ယောက်ကြား မဝင်ခဲ့ပေ။ လယ်မရှိ၊ လုပ်အားမရှိသော ဒေါ်ရွှေအိအဖို့ သား အောင်ထွန်းကို ပို၍အားကိုးလာလေသည်။ ဖုန်းမြည်သံကို အဆက်မပြတ်ကြားနေရသည်။ သက်မှူးခင် ဖုန်းကိုင်လိုက်၏။

"ဟဲလို မမသက်မှူးခင်လားရှင့်။ အစ်ကိုကြီး အောင်ထွန်းရှိလား။ အမေ နေမကောင်းလို့"

အောင်ထွန်း လယ်ထဲမှ တက်လာခဲ့သည်။

"ကိုအောင်ဖုန်းလာတယ်။ အမေနေမကောင်းလို့တဲ့"

အောင်ထွန်းသည် ဖုန်းကို ကိုင်လိုက်လေသည်။

"ဟဲလို ပြော ညီမလေး။ အမေ ဘာဖြစ်လို့လဲ"

အောင်ထွန်းသည် တစ်ဖက်အသံကို နားစွင့်လိုက်၏။

"အစ်ကိုကြီးရေ အမေ ညက ဘူးသီးချဉ်ဟင်းနဲ့ ထမင်းစားပြီး နွားနို့ သောက်လိုက်တာ။ သန်းခေါင်ရောက်တော့ ဝမ်းခဏခဏသွားတယ်။ အခုလဲ သွားတုန်း။ ညီမလေးလဲ ဘာမှမလုပ်တတ်လို့ အစ်ကိုကြီးဆီ ဖုန်းဆက်လိုက်တာ"

"အမေ့ကို ဆရာဝန် ခေါ်မပြဘူးလား။ အစ်ကိုကြီး၊ အစ်မကြီးဆီကော ဖုန်းဆက်သေးလား"

"ဆက်ပြီးပြီ။ တစ်ယောက်မှမအားဘူးတဲ့။ ဆရာဝန်လဲ ခေါ်မပြရသေးဘူး။ ဟို ဟိုဟာလေ"

ညီမငယ်၏ အခြေအနေကို အောင်ထွန်း သဘောပေါက်လိုက်သည်။

"အေး ငါလဲ အခုမှလယ်ထဲက ပြန်လာတာ။ အမေ့ကို ဆရာဝန် ခေါ်ပြထားလိုက်။ အစ်ကိုကြီး ခုချက်ချင်း လာခဲ့မယ်"

(၆)

ဒေါ်ရွှေအိတစ်ယောက် ပုဆိုးခေါင်းပေါင်းလေးဖြင့် သား အောင်ထွန်းအိမ်ရောက်လာပြန်သည်။

"အမေ အလည်ပဲလား"

"အေးပါ သမီးရယ်"

"ကိုအောင်တော့ လယ်ထဲသွားတယ်။ အမေ ဘာစားချင်လဲ။ သမီး ဘာချက်ကျွေးရမလဲ"

"ရပါတယ် သမီးရယ်။ ရေအေးအေးလေး ပဲပေးပါ"

"ချစ်စုရေ သမီး ဘွားဘွားကြီးအတွက် ရေတစ်ခွက်လောက် ခပ်ခဲ့အုံး"

"ဟုတ် မေမေ လာပြီ"

ဒေါ်ရွှေအိသည် သက်မှူးခင် ချပေးသော နှစ်ပြန်ကြော်ကို အားရပါးရစားနေ၏။

"မေမေ ဘွားဘွား သနားပါတယ်နော်။ အိမ်မှာ ဘာမှမစားရဘူးထင်တယ်"

သက်မှူးခင်သည် သမီး၏ အမေးစကားကို မကြားချင်ယောင်ဆောင်လိုက်၏။ ခဏအကြာ လယ်ထဲမှ အောင်ထွန်း ပြန်ရောက်လာသည်။ မိခင်ဒေါ်ရွှေအိကို မြင်သည်နှင့်-

"အမေ အလည်ပဲလား"

ဒေါ်ရွှေအိ ခေါင်းညိတ်လိုက်၏။ အောင်ထွန်း မိခင်အနား ကပ်ထိုင်လိုက်သည်။

"အမေ နေကောင်းရဲ့လား"

"အဲဒါ ပြောမလို့သားရေ။ အခုတလော ကျန်းမာရေးက မကောင်းဘူး။ မနေ့ကတောင် မင်းအစ်ကိုကြီး

စာမျက်နှာ ၂၅သို့ ➤

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟိုင်းကြီးကျွန်းမြို့အနေဖြင့် ဗိုလ်ကိတ်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဟိုင်းကြီးကျွန်းမြို့အတွင်း ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကတွေ ပြည့်မီကျော်လွန် အောင် စိုက်ပျိုးနိုင်ဖို့အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ဗိုလ်ကိတ်ပဲကို လျာထားဧကထက် ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်တဲ့အပြင် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများအဖွဲ့သည် ရေရရှိရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော Shwe Group ကုမ္ပဏီမှတာဝန်ရှိသူများ၊ ပူးလှကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ရေပေးရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ ပုံမှန်ရေထွက်နှုန်း ကောင်းမွန်စေရေး ကျေးရွာသူ၊ ကျေးရွာသားများအားလုံး စနစ်တကျဝိုင်းဝန်းထိန်းသိမ်းရမည် ဖြစ်ကြောင်း မှာကြားသည်။

စလင်းမြို့နယ် ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းတွင် အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန်၅၀၀၀ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅သန်းဖြင့် Shwe Group ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန် ၂၇ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းရီ**

## စာပေသည်လူ့ခွန်အား

- စာဖတ်လျှင် အသိတရား
  များစွာပေါ့ ရှိလှသည်၊
  အသိဉာဏ် ခေတ်ရှေ့ပြေးဖို့
  ဉာဏ်သွေးရမည်၊
  စာဖတ်ခြင်းဖြင့် ရပ်တည်
  စိတ်ကြည်လို့ အစဉ်လန်း၊
  စာပေဂုဏ် တွေ့ကြည့်ရလျှင်ဖြင့်
  လှပတင့်ဆန်း။

- စာမဖတ်လျှင် မျက်စိကန်းသလိုပ
  လူ့စခန်း အရာမထင်၊
  အမှားမှန် အကျိုးအကြောင်း
  ဆိုးကောင်းမမြင်၊
  စာဖတ်ခြင်းဖြင့် မွေ့လျော်လျှင်
  တစ်နေ့သော်သင် အောင်မြင်ရ၊
  စာဖတ်သူ ခရီးလမ်းရယ်က
  ဖြောင့်တန်းဘဝ။

- ထို့ကြောင့်ကွယ် စာဖတ်ကြ
  အနာဂတ်လှ ထင်ပေါ်၊
  စာဖတ်သော် လူ့အတွေး
  ကြည်အေးရွှင်ပျော်၊
  ယုံကြည်မှုလည်း ရှိသနော်
  စာအဖော် မိတ်ဆွေအစစ်၊
  စာပေဟူ
  သာစေလူ လူ့ခွန်အားပေမို့
  တိုးပွားလို့ချစ်။ ။

**ချာန်လေး(ပညာရေး)**

➤ စာမျက်နှာ ၂၄ မှအဆက်

လာသေးတယ်။ ပိုက်ဆံလိုလို့တဲ့။ အဲဒါလေ အခုနေတဲ့ အိမ်နဲ့ခြံလေး တစ်ပိုင်းခွဲ ရောင်းမလို့။ အဲဒါပြောရင်း သားဆီလာခဲ့တာ"

"တော်ပြီ အမေရာ။ အမေတို့ကို ဘာမှမပြောချင်တော့ဘူး။ ကိုယ့်ကိစ္စကိုယ်ရှင်းလေ။ အခုတော့ အမေ့ဆီ အပူလာကပ်နေကြတယ်။ အမေအိမ်နဲ့ခြံ ရောင်းတော့ အမေ ဘယ်မှာနေမှာလဲ။ စိတ်ညစ်တယ် အမေရာ။ ကျွန်တော်နဲ့တော့ အမေ့သားသမီးတွေနဲ့ တွေ့တော့မယ် တောက်။ အမေတို့ လုပ်ချင်တာလုပ်ဗျာ"

(၇)

ဒေါ်ရွှေအိ သား အောင်ထွန်းအိမ်မလာသည်မှာ အတော်ကြာလေပြီ။ ဖုန်းဖြင့်လည်း အဆက်အသွယ်ဖြတ်ထား၏။ တစ်နေ့ ညဘက် အောင်ထွန်းအိပ်နေစဉ် မိခင် ဒေါ်ရွှေအိကို အိပ်မက်မက်သည်။ ဘာစကားမှမပြောဘဲ သားအောင်ထွန်းကို နှုတ်ဆက်ရင်း ပျောက်သွားသည်။ နံနက်ရောက်သောအခါ အောင်ထွန်း ပိတ်ထားသောဖုန်းကိုဖွင့်လိုက်၏။ ဒေါ်ရွှေအိဆီမှ မစ်ကောများ ဝင်လာသည်။

"ဘုရား ဘုရား အမေ တစ်ခုခုဖြစ်လို့လား"

အောင်ထွန်းသည် စိတ်ထဲမှ တွေး၍ ဖုန်းခေါ်လိုက်သည်။

"ဟဲလို ညီမလေးလား။ အမေ ရှိလား။ ညက ဖုန်းခေါ်ထားတာတွေလို့"

တစ်ဖက်မှ စကားပြောသံ မကြားရဘဲ ငိုသံသာ ကြားနေရ၏။

"ညီမလေး အမေ ဘာဖြစ်လို့လဲ"

အောင်ထွန်း အသံကျယ်သွား၏။ သက်မှူးခင် နိုးလာ၏။

"စောစောစီးစီး ဘာဖြစ်တာလဲ ကိုအောင်"

အောင်ထွန်းသည် ဖုန်းကိုချလိုက်၏။

"အမေ အသည်းအသန်ဖြစ်လို့ သက်။ အဲဒါ အခု ဆေးရုံတင်ခိုင်းလိုက်တယ်"

အောင်ထွန်းသည် ပြောပြောဆိုဆိုဖြင့် ဗီရိုကိုဖွင့်လိုက်သည်။ ပိုက်ဆံအိတ်ကို ယူလိုက်သည်။

"ကိုအောင် ဒါဘာလုပ်တာလဲ။ သမီးအတွက် ဆွဲကြိုးလုပ်ပေးဖို့စုထားတာ။ ကျွန်မ မပြောဘဲ ကြည့်နေတာကြာပြီ။ ကိုအောင့် အမေမှာ ဒီသားတစ်ယောက်ပဲ ရှိတာလား။ ကိစ္စရှိ ဒီပဲပြေးလာတယ်။ အခုတစ်ခါတော့ ကျွန်မ ဝင်ပြောရလိမ့်မယ်"

အောင်ထွန်းသည် သက်မှူးခင်ကို တစ်ချက်ကြည့်လိုက်သည်။

"ဘာလဲ အစ်ကိုကြီးတို့က အမေ့ကို မကျွေးမွေး မပြုစုလို့၊ အစ်မကြီးက အမေ့ကို မကျွေးမွေး မပြုစုလို့၊ ညီမလေးက အမေ့ကို မကျွေးမွေးမပြုစုလို့၊ ငါလဲ သူတို့လို မကျွေးမွေး မပြုစုရဘူးလို့ သက် ပြောမလို့လား။ အစ်ကိုကြီးက အစ်ကိုကြီး၊ အစ်မကြီးက အစ်မကြီး၊ ငါက ငါ မတူဘူးကွ။ ဘယ်သူမကျွေးကျွေး ငါ ဂရုမစိုက်ဘူး။ အမေ့ကို ငါကျွေးရမယ်၊ ဂရုစိုက်ရမယ်။ အသက်နဲ့ရင်းမွေးပေးထားတဲ့ အမေကွ"

အောင်ထွန်းသည် ဒေါသမာန်ဖြင့်ပြောအပြီး မိခင် ဒေါ်ရွှေအိဆီသို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။ တဲသာသာရှိသော ဒေါ်ရွှေအိအိမ်က ကြိုဆိုလျက်ရှိသည်။ ဒေါ်ရွှေအိအိမ်သည် အောင်ထွန်းအဖို့ မျက်လှည့်ဆန်လှသည်။ အိမ်ပေါ်သို့အတက် ညီမအငယ်ဆုံးက အောင်ထွန်းကို ဖက်၍ငိုသည်။

"အစ်ကိုကြီး အမေ မနက် ၁ နာရီလောက်ကတည်းက မူးတယ် မူးတယ် ပြောပြီး သတိလစ်သွားတာ။ ပြန်လည်မလာတော့ဘူး။ ဆရာဝန်က မရတော့ဘူး သွေးဆုတ်နေပြီတဲ့ ဟီး"

အောင်ထွန်းသည် ညီမအငယ်ဆုံး၏လက်ကိုဖယ်၍ မိခင် ဒေါ်ရွှေအိဆီ အပြေးသွားလိုက်၏။ အရိုးပေါ် အရေတင်နေသော ဒေါ်ရွှေအိ၏လက် ကို ဖွဖွလေးကိုင်လိုက်သည်။

"အမေ အမေ့သား ရောက်ပြီ"

အောင်ထွန်းသည် ပြောပြောဆိုဆိုငို၏။

"သား အောင်ထွန်း အောင်ထွန်းလား"

ဒေါ်ရွှေအိ သတိလည်လာ၏။

"အမေ အမေ့ သား အောင်ထွန်းပါ"

"သားကို ပြောစရာရှိတယ်"

"ပြောပါ အမေ"

"သား မောင်နှမတွေကို အ အ အပြစ်မမြင်ပါနဲ့နော်။ အား အား အားလုံးက သွေးသားတွေ ပါပဲ" ဟုပြောကာ အသက်ကုန်သွား၏။ အောင်ထွန်းသည် ကျလာသောမျက်ရည်ကို သုတ်လိုက်၏။

"ဪ. . . အမေ အမေ။ သားသမီးတွေရဲ့ ဆိုးဒဏ်၊ မိုက်ဒဏ်တွေကို ခါးစည်းခံပြီး တမလွန်ခရီးဆီကို ထွက်သွားပြီပေါ့။ အမေ အေးချမ်းပါစေလို့ သား ဆုတောင်းပေးပါတယ်"

# မိုင်းယောင်းမြို့နယ် ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်လဲကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက ဝမ်လဲကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝမ်လဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်းအသင်းသား၊အသင်းသူ ၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းထံမှ သိရသည်။

**မောင်စိုင်**

# အာရပ်စော်ဘွားများပြည်ထောင်စုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုသတိပေးချက်များ ထုတ်ပြန်ထား



**အဘူဒါဘီ ဖေဖော်ဝါရီ ၁၃**

အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ဖေဖော်ဝါရီ ၁၂ ရက်က ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်ခဲ့သဖြင့် ရေကြီးရေလျှံမှုသတိပေးချက်များ ထုတ်ပြန်ထားရကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီ၊ ဒူဘိုင်း၊ ရက်စ်အယ်လ်ခိုင်မက်ရှ်နှင့် ဖူဂျာရက်မြို့တို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း၊ ရက်စ်အယ်လ်ခိုင်မက်ရှ်နှင့် ဖူဂျာရက်မြို့တို့ကဲ့သို့ ချိုင့်ဝှမ်းဒေသရှိမြို့များတွင် မိုးရေများကြောင့် ရေများတင်ကျန်ခဲ့ပြီး ရာသီဥတုအခြေအနေ ဆက်လက်ဆိုးရွားလာနိုင်သဖြင့် အမျိုးသားမိုးလေဝသဌာနက အဆိုပါဒေသများတွင် အနီရောင်နှင့်ပယင်းရောင် ရာသီဥတုဆိုင်ရာ သတိပေးချက်များကို ထုတ်ပြန်ထားရကြောင်း သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် မမျှော်လင့်သော ရာသီဥတုအခြေအနေများဖြစ်ပေါ်လျက်ရှိသဖြင့် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများရှိ လုပ်ငန်းများအနေဖြင့် နေအိမ်၌သာ လုပ်ငန်းဆောင်ရွက်ကြရန်နှင့် ကျောင်းများကိုလည်း အွန်လိုင်းစနစ်ဖြင့် သင်ကြားရန် အစိုးရက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သဖြင့် ရေကြီးမှုဖြစ်ပွားလေ့ရှိသော ဒေသများတွင် နေထိုင်သူများ သတိပြုနေထိုင်ကြရန်၊ ယာဉ်အန္တရာယ်များဖြစ်ပွားနိုင်သဖြင့် ယာဉ်မောင်းများအားလုံး သတိပြုမောင်းနှင်ကြရန်နှင့် နိုင်ငံအနှံ့အပြားတွင် အပူချိန်များ ရုတ်တရက် ကျဆင်းနိုင်သကဲ့သို့ ဖုန်မှုန်တိုင်းများလည်း တိုက်ခတ်နိုင်သဖြင့် မလိုအပ်ဘဲပြင်ပသို့သွားလာခြင်းများမပြုရန် အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ဖိလစ်ပိုင်မြေပြိုမှုအတွင်း ပျောက်ဆုံးနေသူများကို ရှာဖွေရေးလုပ်ငန်းရပ်ဆိုင်းတော့မည်ဟု ထုတ်ပြန်

**မနီလာ ဖေဖော်ဝါရီ ၁၃**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော မြေပြိုမှုအတွင်း ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားတော့မည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းပေါ်ရှိ မာဆာရာကျေးရွာ ရွှေတူးဖော်ရေးလုပ်ငန်းတစ်ခုတွင် ဖေဖော်ဝါရီ ၆ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ ကနဦး လူ ၁၁ ဦး သေဆုံးပြီး လူဦးရေ ၁၁၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း၊ အသက်ရှင် ကျန်ရစ်သူများကို ရှာနှင့်ချိသော ကယ်ဆယ်ရေးသမားများက ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွင်း အပျက်အစီးများနှင့် သဲမြေများအောက်မှ ရုပ်အလောင်းများ ထပ်မံရှာဖွေတွေ့ရှိခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်ထိ စုစုပေါင်း သေဆုံးသူ ၆၈ ဦးထိ ရှိလာခဲ့ပြီး မိုင်းလုပ်သားများနှင့် ရွာသားများအပါအဝင် လူ ၅၁ ဦးခန့်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ယနေ့တွင် ကယ်ဆယ်ရေး လုပ်ငန်းများကို တရားဝင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

“မြေပြိုမှုဖြစ်ပွားတာ တစ်ပတ်လောက်ရှိပါပြီ။ အဲဒီနေရာမှာ အသက်ရှင်သူ ဘယ်သူမှမရှိနိုင်တော့ဘူးလို့ ကျွန်တော်တို့ ယူဆပါတယ်”ဟု ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာရုံးမှ ပြောရေးဆိုခွင့်ရှိသူ အက်ဒ်ဝပ်မက်ကာပီလီက ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် လူ ၃၂ ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး လူနေအိမ် ၅၅ လုံး၊ ဘတ်စကားသုံးစီး၊ ဂျစ်ကားတစ်စီးပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ကိပ်တောင်းမြို့အနီး တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**ပရီတိုးရီးယား ဖေဖော်ဝါရီ ၁၃**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ရှိ ကော့ခ်ကမ်းခြေအနီး၌ တောမီးပြင်းထန်စွာလောင်ကျွမ်းနေပြီး တောမီးလောင်ကျွမ်းမှုသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း ကိပ်တောင်းမြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကော့ခ်ကမ်းခြေအနီးရှိ တောင်ပေါ်တွင် လောင်ကျွမ်းနေခြင်းဖြစ်သည့်အတွက်ကြောင့်လည်း တောမီးကို မြေပြင်မှသွားရောက်ငြိမ်းသတ်ရန်အခက်အခဲရှိနေပြီး လေကြောင်းအကူအညီဖြင့် တောမီးကို ငြိမ်းသတ်နေရကြောင်း ကိပ်တောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

“ကော့ခ်ကမ်းခြေအနီးမှာရှိတဲ့ တောင်ပေါ်မှာတောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက်မှာ တောမီးက ထိန်းချုပ်ရခက်တဲ့အဆင့်ကိုရောက်ရှိခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကို မြေပြင်ကနေ သွားရောက်ငြိမ်းသတ်ဖို့ ကန့်သတ်ချက်တွေရှိနေတဲ့အတွက် လေကြောင်းအကူအညီနဲ့ တောမီးကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ရဟတ်ယာဉ်တွေ၊ လေယာဉ်အသေးစားတွေ အသုံးပြုပြီးတော့ တောမီးကို ငြိမ်းသတ်နေပါတယ်။ ပုံမှန်မဟုတ်တဲ့ အပူချိန် မြင့်တက်မှုတွေကြောင့် တောမီးလောင်ကျွမ်းမှုဟာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်”ဟု ကိပ်တောင်းမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသော်လည်း လူနေအရပ်နှင့် ဝေးကွာသဖြင့် နေအိမ်များဆီသို့ တောမီးကူးစက်လောင်ကျွမ်းလာနိုင်သည့် အခြေအနေတွင် မရှိကြောင်းလည်း စိုးရိမ်ပူပန်နေသည့် ဒေသခံများကို ကိပ်တောင်းမီးသတ်တပ်ဖွဲ့က အသိပေးချက် ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကမ္ဘာ့ရွှေ့ပြောင်းငှက်မျိုးစိတ် ငါးမျိုး မျိုးသုဉ်းပျောက်ကွယ်တော့မည်ဖြစ်ကြောင်း CMS သတိပေးချက်ထုတ်ပြန်

**ဘာလင် ဖေဖော်ဝါရီ ၁၃**

ဂျာမနီနိုင်ငံအခြေစိုက် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် ရွှေ့ပြောင်းနေထိုင်သော တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်း(CMS)က ၎င်း၏ စစ်တမ်းများအရ ကမ္ဘာ့ရွှေ့ပြောင်းငှက်မျိုးစိတ် ငါးမျိုးသည် မျိုးသုဉ်းပျောက်ကွယ်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုဖောက်ပြန်မှုအပြင် တောလိုက်မုဆိုးများကြောင့် အဆိုပါငှက်မျိုးစိတ်ငါးမျိုး မျိုးသုဉ်းပျောက်ကွယ်တော့မည်ဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် အရေးပေါ်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်နေကြောင်း၊ အဆိုပါငှက်မျိုးစိတ်များမှာ ရာသီအလိုက် စားကျက်ပေါ်မူတည်၍ နိုင်ငံအသီးသီးရွှေ့ပြောင်းနေထိုင်သည့် ငှက်မျိုးစိတ်များဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်တက်လာသည်နှင့်အမျှ စားကျက်များရှားပါးလာ၍ မျိုးသုဉ်းမည့်အရေးဖြင့်ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း CMS က ထုတ်ပြန်ခဲ့သည်။

“နောက်ဆုံးကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရ ရွှေ့ပြောင်းနေထိုင်တဲ့ တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေထဲက ငှက်မျိုးစိတ်ငါးမျိုးဟာ မျိုးသုဉ်းပျောက်ကွယ်တော့မှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် မျိုးသုဉ်းပျောက်ကွယ်မဲ့အရေးနဲ့ရင်ဆိုင်နေရသလို တောလိုက်မုဆိုးတွေရဲ့ လက်ချက်ကြောင့် မျိုးသုဉ်းမဲ့အရေးနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကို ဆောင်ရွက်ဖို့ ခက်ခဲပေမဲ့ တောလိုက်မုဆိုးတွေကိုတော့ မျိုးသုဉ်းတော့မဲ့ ငှက်မျိုးစိတ်တွေကို သတ်ဖြတ်တာမျိုးမလုပ်ဖို့အတွက် တာဝန်ရှိသူတွေအနေနဲ့ ကန့်သတ်ထိန်းချုပ်တာတွေ အမြန်ဆုံးပြုလုပ်သင့်ပါတယ်”ဟု CMS ၏ အတွင်းရေးမှူးဖြစ်သူ အေမီဖရန်ကယ်လ်က ပြောကြားခဲ့သည်။

CMS သည် ၁၉၇၉ ခုနှစ်ကတည်းက ရွှေ့ပြောင်းနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း၊ စစ်တမ်းများအရ ရွှေ့ပြောင်းနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၁၈၉ မျိုးရှိပြီး ၎င်းမျိုးစိတ်များအနက် ၄၄ ရာခိုင်နှုန်းမှာ မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်ကြောင်း CMS က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# နယူးယောက်မြို့နှင့် ဘော့စတွန်မြို့၌ ဆီးနှင်းများထူထပ်စွာကျဆင်းနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ဘော့စတွန်မြို့၌ ယနေ့တွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မကြာသေးမီက အပူချိန်မြင့်တက်ခဲ့သောဒေသများတွင် ရာသီဥတုပြောင်းလဲကာ အအေးဓာတ်မြင့်မားပြီး ဆီးနှင်းများထူထပ်စွာကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ဆီးနှင်းများသည် လမ်းမကြီးထက်တွင် အမြင့်ခြောက်လက်မထိ မြင့်တက်လျက်ရှိကြောင်း၊ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်တချို့ ချို့ယွင်းကာ လျှပ်စစ်မီး ပြတ်တောက်နေပြီး အအေးဓာတ် မြင့်မားနေသည့် အခြေအနေတွင် အပူပေးစက်များ ဖွင့်မရသည့်အတွက် ဒေသခံပြည်သူများ အအေးဓာတ်လွန်ကဲမှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

နယူးယောက်မြို့ရှိ စာသင်ကျောင်းများကိုလည်း အအေးဓာတ်လွန်ကဲမှုကြောင့် ယာယီပိတ်ထားပြီး ကျောင်းသား၊ ကျောင်းသူ ဦးရေ ၉၀၀၀၀၀ ကျော်ကို အွန်လိုင်းမှတစ်ဆင့် သင်ခန်းစာသင်ကြားပို့ချမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နယူးယောက်မြို့တော်ဝန်ရုံးက ထုတ်ပြန်ခဲ့သည်။

နယူးယောက်မြို့တော်ဝန်ရုံးက အများပြည်သူ အဆင်ပြေစွာသွားလာနိုင်ရေးနှင့် အန္တရာယ်မဖြစ်စေရေးအတွက် လမ်းမကြီးများထက်တွင် ပိတ်ဖုံးနေသည့်ဆီးနှင်းများကို အမြန်ဆုံးရှင်းလင်းပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများကို ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ဆီးနှင်းများမရှင်းလင်းမီ ဆီးနှင်းများပိတ်ဖုံးနေသောလမ်းမကြီးများကို အသုံးမပြုရန်လည်း ပြည်သူများကို သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဘော့စတွန်မြို့တွင်လည်း ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေပြီး ဘော့စတွန်မြို့ အာဏာပိုင်အဖွဲ့အစည်းက ဆီးနှင်းများကို ရှင်းလင်းပေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၈၄၆၇ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၈၄၆၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၁၈၃၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၈၄၆၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ ဆီထွက်သီးနှံ ဧက ၁၈၃၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ၁၈၄၆၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၀၂၄၈ ဧက၊ နှမ်း ၄၅၂၁ ဧက၊ နေကြာ ၃၆၉၈ ဧက စုစုပေါင်း ၁၈၄၆၇ ဧကတို့ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၁၀၁၂၉ ဧက၊ နှမ်း ၄၅၂၃ ဧက၊ နေကြာ ၃၆၉၈ ဧက စုစုပေါင်းဧက ၁၈၃၅၀ တို့ဖြစ်ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန် အတွက်နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ဘုရားကြိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဘုရားကြိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ဘုရားကြိုင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ အလျား ၄၈ပေ၊ အနံ ၄၈ပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၂၆၉ သန်းဖြင့် လင်းငွေး ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ဘုရားကြိုင်ကျေးရွာရှိ အိမ်ခြေ ၁၀၂ အိမ်၊ လူ ၃၀၅ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ကျိုက်လတ်မြို့နယ်တွင် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင်ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သော ဒေသထွက် မုန်လာဥဖြူများ ထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသောမုန်လာဥများ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၀၀၀ ကျော်ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်က စပါးအပြင် အခြားဟင်းသီးဟင်းရွက်တွေကိုလဲ စိုက်ပျိုးထုတ်လုပ်နေတာဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးထုတ်လုပ် ထွက်ရှိလာတဲ့ မုန်လာဥတွေကို ဒေသစားသောက်ကုန်ပွဲရုံတွေဆီ ရောင်းချတာများပါတယ်။ ပွဲရုံတွေကနေတစ်ဆင့် လက်လီရော၊ လက်ကားရော ပြန်လည်ရောင်းတာပါ။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ လက်ရှိ ဒေသထွက် မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ အခုဒေသထွက် မုန်လာဥတွေ ဝယ်ယူမှုအားကောင်းပြီး အရောင်းသွက်နေပါတယ်။ လက်ရှိ ဖေဖော်ဝါရီလ ပထမပတ်လောက် ကတည်းက စတင် အရောင်းသွက်နေတာဖြစ်ပါတယ်။ အရောင်းသွက်ပြီး ဝယ်ယူမှု အားကောင်းလာတော့ လုပ်သားတွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးမော်က ပြောပြသည်။



ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ် ပြုလုပ်နေရသည့်အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြောင်း၊ အဆိုပါအရောင်းသွက်နေသည့် မုန်လာဥဖြူများ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်အေးမော်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ်တွင် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျေးသီး ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဝပ်ကျေးရွာအုပ်စု ဖာဆောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဖာဆောင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ဖာဆောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးနိုင်ထံမှ သိရသည်။ **ချိုသန်းညွန့်**

# ရေနံချောင်းမြို့နယ် အလယ်ကန်-ဖောင်းကွဲကျေးရွာချင်းဆက်လမ်းတွင် ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရေနံချောင်း ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အလယ်ကန်-ဖောင်းကွဲ ကျေးရွာချင်းဆက်လမ်းတွင် ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ရှိသူများက ရေနံချောင်းမြို့နယ် အလယ်ကန်-ဖောင်းကွဲ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် အလယ်ကန်-ဖောင်းကွဲ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည်ပေ ၁၅၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းပြီးစီးမှုကြောင့် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၃၉ အိမ်၊ လူ ၁၇၅၃ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အရှေ့အလယ်ပိုင်းဒေသတွင် အကျပ်အတည်းကိုရင်ဆိုင်နေရသည့် အမေရိကန်

အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် အကျိုးစီးပွားမျိုးစုံဖော်ဆောင်၍ ဒေသတွင်းလွှမ်းမိုးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ပထဝီနိုင်ငံရေးအရ အရေးပါသည့် ဒေသများကို အချိန်ကြာမြင့်စွာလွှမ်းမိုးနိုင်ရန် နိုင်ငံရေးနှင့်စစ်ရေးမဟာမိတ်များ အခိုင်အမာဖွဲ့စည်းရေးလည်းပါဝင်သည်။ ယခုအခါ ၎င်း၏မဟာမိတ်အစ္စရေးကို အကူအညီပေးရာမှတစ်ဆင့် ပေါ်ပေါက်လာသည့် ဘက်မညီစိန်ခေါ်မှုများက အမေရိကန်အတွက် အကျပ်အတည်းဖြစ်လာစေသည်။

ဂျော်ဒန်နိုင်ငံအတွင်း ဒရုန်းဖြင့် တိုက်ခိုက်မှုတွင် အမေရိကန်စစ်သည် သုံးဦးသေဆုံးခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်တို့အထောက်အပံ့ပြုထားသောလက်နက်ကိုင်အဖွဲ့များ၏ ကွပ်ကဲမှုဌာနချုပ်များ၊ လက်နက်သိုလှောင်စခန်းများနှင့် အခြားအဆောက်အအုံကဲ့သို့သော ပစ်မှတ်များအပေါ် စစ်လေယာဉ်များနှင့် ဒရုန်းများကိုအသုံးပြု၍ ဖေဖော်ဝါရီ ၂ ရက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

၎င်းတိုက်ခိုက်မှုမတိုင်မီ အီရတ်နှင့် ဆီးရီးယားရှိ အမေရိကန်စစ်စခန်းများသည် တိုက်ခိုက်မှုများစွာခံခဲ့ရပြီး ၎င်းတိုက်ခိုက်မှုအများစုသည် ဆီးရီးယားနှင့် အီရတ်ရှိ အစ္စလာမ္မစ် ခုခံကာကွယ်ရေးအဖွဲ့ကဲ့သို့သော ပြည်သူ့စစ်အဖွဲ့များက တိုက်ခိုက်ခြင်းဖြစ်သည်ဟု ယုံကြည်ရသည်။ ၎င်းပြည်သူ့စစ်အဖွဲ့များက အဆိုပါတိုက်ခိုက်မှုသည် ဟားမတ်စ်အပေါ် အစ္စရေး၏တိုက်ခိုက်မှုကို အမေရိကန်က ထောက်ပံ့ပေးနေမှုကို တုံ့ပြန်ရန်နှင့် အီရတ်နှင့် အခြားဒေသများက အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးကို ဖိအားပေးရန်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ အမေရိကန်စစ်ဘက်၏ အဆိုအရ ၂၀၂၃ ခုနှစ် အောက်တိုဘာလကတည်းက အရှေ့အလယ်ပိုင်းရှိ အမေရိကန်စစ်စခန်းအများစု တိုက်ခိုက်ခံခဲ့ရသည်။ ဂျော်ဒန်နိုင်ငံအတွင်းရှိ အမေရိကန်စစ်စခန်းတိုက်ခိုက်ခံရမှုသည် ၎င်းနိုင်ငံအတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခစတင်ကတည်းက အမေရိကန်စစ်သည် ပထမဆုံးသေဆုံးခြင်းလည်းဖြစ်သည်။

အရှေ့အလယ်ပိုင်းရှိ အမေရိကန် စစ်စခန်းများအပေါ် အကြိမ်ကြိမ်တိုက်ခိုက်မှုများကို တုံ့ပြန်ရာတွင် အမေရိကန်သည် အီရတ်နှင့် ဆီးရီးယားရှိ ပြည်သူ့စစ်အဖွဲ့များကို လေကြောင်းတိုက်ခိုက်မှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ သို့သော်လည်း ဟန့်တားရေးဆိုင်ရာ သက်ရောက်မှုသည် လွန်စွာအကန့်အသတ် ရှိနေသည်။ အမေရိကန်အနေဖြင့် ဒေသခံပြည်သူ့စစ်အဖွဲ့များ၏ စုပြုတိုက်ခိုက်မှုများနှင့် နှောင့်ယှက်မှုများကို ရပ်တန့်နိုင်ခြင်းမရှိပေ။ ဂျော်ဒန်နိုင်ငံရှိ အမေရိကန် စစ်စခန်းတစ်ခုတိုက်ခိုက်မှုကို အီရတ်ရှိ အစ္စလာမ္မစ် ခုခံကာကွယ်ရေးအဖွဲ့က ပြုလုပ်ခြင်းဖြစ်သည်ဟု အမေရိကန်က အတည်ပြုပြောကြားခဲ့သည်။ ၎င်းတိုက်ခိုက်မှုကို အီရန်နိုင်ငံက အထောက်အပံ့ပေးလျက်ရှိသည်ဟု ယုံကြည်လျက်ရှိပြီး အဆိုပါတိုက်ခိုက်မှုများနောက်ကွယ်တွင် အီရန်နိုင်ငံရှိနေသည်ဟု အကြိမ်ကြိမ်စွပ်စွဲခဲ့သည်။

**စစ်ပွဲကိုရှောင်ရှားလိုမှု**

အမေရိကန်နိုင်ငံအတွင်းတွင်လည်း အီရန်နိုင်ငံကို တိုက်ရိုက်တိုက်ခိုက်ရေး တိုက်တွန်းမှုများဖြစ်ပေါ်လျက်ရှိပြီး အရှေ့အလယ်ပိုင်းဒေသအတွင်း ကျယ်ပြန့်သည့် ပဋိပက္ခဖြစ်နိုင်ခြေအပေါ် စိုးရိမ်မှုများမြင့်တက်စေသည်။ သို့သော်လည်း ပင်တဂွန်နှင့် အိမ်ဖြူတော်တို့က အီရန်နိုင်ငံနှင့် စစ်ပွဲဖြစ်လိုခြင်းမရှိဟုဖော်ပြခဲ့ပြီး သမ္မတဂျိုးဘိုင်ဒင်ကလည်း အရှေ့အလယ်ပိုင်းဒေသတွင် ကျယ်ပြန့်သည့်ပဋိပက္ခဖြစ်ပွားမှုကို ရှောင်လွှဲလိုသည့် ၎င်း၏ဆန္ဒကို အကြိမ်ကြိမ်ဖော်ပြခဲ့သည်။ ဤအချက်ကအမေရိကန်သည် ပြင်းထန်သည့်လက်တုံ့ပြန်မှုနှင့်ပဋိပက္ခပျံ့နှံ့မှုကို ရှောင်လွှဲလိုမှုကြား မျှတသည့် တိုက်ခိုက်မှုတစ်ခုကိုလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ကောက်ချက်ချထားကြသည်။

**ဘက်မညီပဋိပက္ခစိန်ခေါ်မှု**

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်စစ်စခန်းများအပေါ် အကြိမ်ကြိမ်တိုက်ခိုက်မှုများသည် သမ္မတဂျိုးဘိုင်ဒင်အစိုးရအပေါ် နိုင်ငံရေးနှင့် စစ်ရေးအရ ဖိအားပေးရုံမက အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ အမေရိကန်တို့၏ရပ်တည်မှုကို ထင်ဟပ်




စေသည်။ အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသရှိ ဘက်မညီပဋိပက္ခများ၏စိန်ခေါ်မှုကို တိုးမြှင့်ရင်ဆိုင်နေရသည်။ ဒေသတွင်းရှိနိုင်ငံမဟုတ်သည့် အဖွဲ့များဖြစ်သော လက်ဘနွန်ရှိ ဟစ်ဘိုလာ၊ ပါလက်စတိုင်းရှိ ဟားမတ်စ်၊ ယီမင်ရှိ ဟူသီနှင့် အီရတ်နှင့်ဆီးရီးယားရှိ ပြည်သူ့စစ် အဖွဲ့များသည် ဒေသတွင်းတိုးမြင့်လာသည့် လွှမ်းမိုးမှုကိုစွဲကိုင်လာပြီး အမေရိကန်ဆန့်ကျင်ရေးနှင့် အစ္စရေးဆန့်ကျင်ရေးသွင်ပြင်တို့၏ မတူညီမှုကိုပြသခဲ့သည်။ အစဉ်အလာအားဖြင့် အမေရိကန်၏ စစ်ရေးအားသာမှုနှင့်ဟန့်တားမှုများသည် ၎င်းနိုင်ငံအဆင့်မဟုတ်သည့် လက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်ရာတွင် ခက်ခဲလျက်ရှိသည်။ ၎င်းအဖွဲ့များက အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ အမေရိကန်စစ်စခန်းများနှင့် စစ်လက်နက်ပစ္စည်းများကို အလိုက်သင့်တိုက်ခိုက်ရန် ရော့ကက်များ၊ ဒရုန်းများ၊ ဗုံးကျည်များနှင့် အခြားနည်းလမ်းများကို အသုံးပြုခဲ့ကြသည်။ ထိုအခြေအနေက အမေရိကန်ကို ခံစစ်အခြေအနေတွင် ပုံသေထားရှိပြီး ဘက်မညီပဋိပက္ခ၏အကျပ်အတည်းတွင် ချောင်ပိတ်ထားသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခကို ဖြေရှင်းရေးနှင့်အတူ ပြန့်ကျဲနေသည့် အမေရိကန်၏ပံ့ပိုးမှုသည် ပြဿနာကို အခြေခံကျကျဖြေရှင်းရန် ခက်ခဲစေသည်။ မကြာသေးမီက အမေရိကန် စစ်စခန်းများအပေါ် တိုက်ခိုက်မှုများသည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၏ အဓိကကိစ္စရပ်နှင့် နီးကပ်စွာဆက်နွယ်လျက်ရှိသည်။

အစ္စရေး-ပါလက်စတိုင်းဖြစ်ပွားမှုနှင့် အစ္စရေးအပေါ် အမေရိကန်တို့၏ ဦးစားပေးမှုသည် အရှေ့အလယ်ပိုင်းဒေသအတွင်း အမေရိကန်ဆန့်ကျင်ရေးရပ်တည်ချက်ကို လှုံ့ဆော်ခဲ့သည်။ ဤအခြေအနေကိုကြည့်ပါက နိုင်ငံမဟုတ်သည့် လက်နက်ကိုင်အုပ်စုများသည် ဂါဇာပဋိပက္ခတွင် တိုက်ခိုက်မှုများဖြင့် တုံ့ပြန်မှုကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့၏လွှမ်းမိုးမှုကိုချဲ့ထွင်ကာ ဒေသတွင်းရှိ အမေရိကန်စစ်စခန်းများကို ပစ်မှတ်ထားလာခဲ့သည်။ ထိုအချိန်တွင် အမေရိကန်သည် ပါလက်စတိုင်း၊ ယီမင်၊ အီရတ်နှင့် ဆီးရီးယားရှိပဋိပက္ခများကို ကဏ္ဍအလိုက်ပိုင်းခြားဆောင်ရွက်ပြီး အရှေ့အလယ်ပိုင်းရှိ အဓိကကိစ္စရပ်များအတွက် ၎င်း၏တာဝန်ရှိမှုများကို ရှောင်လွှဲကာ ပဋိပက္ခကို အင်အားသုံးခြင်းဖြင့် သီးခြားစီဖြေရှင်းရန် ရည်ရွယ်လျက်ရှိသည်။ ဤအခြေအနေက မီးလောင်ရာလေပင့်ဖြစ်စေပြီး ပဋိပက္ခကိုကျယ်ပြန့်စေလိမ့်မည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းမှ အမေရိကန်၏ မဟာဗျူဟာမြောက် တိုက်ခိုက်မှုမရှိရေးနှင့်ဒေသတွင်းကြီးစိုးမှုကို ထိန်းသိမ်းရန် ၎င်း၏ချမှတ်ထားသောမဟာဗျူဟာသည် ခုခံမှုအသစ်ကိုကြုံတွေ့ခဲ့ရသည်။ အရှေ့အလယ်ပိုင်းမှ မဟာဗျူဟာမြောက် ဆုတ်ခွာမှုနှင့်အညီ ကြီးမားသောပါဝါပြိုင်ဆိုင်မှုကို အာရုံစိုက်ရန် အကန့်အသတ်ရှိသော စစ်ရေးတည်ရှိမှုနှင့် မဟာမိတ်များ ပူးပေါင်းခြင်းဖြင့် ဒေသတွင်းလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားရန် အမေရိကန်က မျှော်လင့်ထားသည်။ သို့သော်လည်း နောက်ဆုံး အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခဖြစ်ပွားပြီးကတည်းက ဒေသတွင်းမတည်ငြိမ်မှုများသည် အစ္စရေးနှင့်အာရပ်နိုင်ငံများကြား ပြေလည်စေရန် ဆောင်ရွက်မည့် အမေရိကန်၏အစီအစဉ်များကို အနှောင့်အယှက်ပေးရုံသာမက အရှေ့အလယ်ပိုင်းတွင် စစ်ရေး၊ နိုင်ငံရေးနှင့်သံတမန်ရေးရာပါဝင်ပတ်သက်မှုကိုလည်းတိုးမြှင့်ရန် အမေရိကန်ကို တွန်းအားပေးခဲ့သည်။

**အီရန်-ဆော်ဒီဆက်ဆံရေးတိုးတက်လာမှု**

ဒေသတွင်း၌ အဓိက တင်းမာမှုဖြစ်ခဲ့ကြသည့် အီရန်နှင့် ဆော်ဒီအာရေဗျတို့၏ ဆက်ဆံရေးသည် မကြာသေးသည့် နှစ်များမှစ၍ တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံ၏ ကမကထပြုမှုဖြင့် ပြုလုပ်ခဲ့သော ပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုသည် အောင်မြင်မှုရရှိခဲ့ပြီး နှစ်နိုင်ငံသည် တရုတ်နိုင်ငံ၌ ဆွေးနွေးပွဲကျင်းပသည်ထိ တိုးတက်လာခဲ့သည်။ ယခုအခါ အီရန်နှင့် ဆော်ဒီအာရေဗျတို့၏ စစ်ဘက်ထိပ်တန်းအရာရှိများသည် လုံခြုံရေးနှင့်ကာကွယ်ရေးနယ်ပယ်များတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်ကို ဆွေးနွေးခဲ့သည်။ အီရန်တပ်မတော် စစ်ဦးစီးချုပ်ရုံးရှိ ဒုတိယအကြီးအကဲဖြစ်သူ ဗိုလ်မှူးချုပ် ဘာမန်ဘက်မာ့ဒ်နှင့် ဆော်ဒီအာရေဗျတပ်မတော် စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဖာယက်ဘင်ဟာမတ် အယ်လ်ရူဝါလီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က ရီယာ့ဒ်မြို့ရှိ ကမ္ဘာ့ကာကွယ်ရေးပစ္စည်းပြပွဲတွင် သီးခြားတွေ့ဆုံခဲ့သည်။ ဆွေးနွေးမှုတွင် ဘာမန်က အီရန်၏ကာကွယ်ရေးနှင့်စစ်ရေးစွမ်းရည်များကို အလေးပေးပြောကြားခဲ့သည်။ ထို့နောက်တွင် ဆော်ဒီအာရေဗျစစ်ဦးစီးချုပ်ကို အီရန်နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။

ဆော်ဒီအာရေဗျ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖာယက်ဘင်ဟာမတ်အယ်လ်ရူဝါလီကလည်း ကာကွယ်ရေးပစ္စည်းပြပွဲအတွက် အီရန်ကိုယ်စားလှယ်များ တက်ရောက်မှုကို ကျေးဇူးတင်ရှိကြောင်း၊ စစ်ရေးနှင့် ကာကွယ်ရေးနယ်ပယ်တွင် အီရန်နှင့် ဆော်ဒီအာရေဗျတို့ ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရန် လိုအပ်ချက်ကို အလေးပေးဖော်ပြခဲ့သည်။ အီရန်နှင့်ဆော်ဒီအာရေဗျတို့သည် ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကမကထပြုဆောင်ရွက်သည့် သဘောတူညီချက်အရ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ပြုလုပ်ရန် ၂၀၂၃ ခုနှစ် မတ်လအတွင်းက သဘောတူညီခဲ့သည်။ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် နှစ်နိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန်လိုအပ်မှုကို အလေးပေးဖော်ပြခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင် အမေရိကန်သည် အရှေ့အလယ်ပိုင်း၌ ကာလကြာရှည်စွာ လွှမ်းမိုးမှုကိုရယူခဲ့သည့်တိုင် ယနေ့အချိန်တွင် ၎င်းအခြေအနေသည် စတင်ပြောင်းလဲလာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ NATO အဖွဲ့ဝင်ဖြစ်သည့် တူကီယဲနှင့်ဆက်ဆံရေးဆုတ်ယုတ်လာသကဲ့သို့ ယခင်က မဟာမိတ်နိုင်ငံများသည် ယခုအခါ တရုတ်တို့နှင့် ထိတွေ့ဆက်ဆံမှုများ အားကောင်းလာခဲ့သည်။ ယနေ့အချိန်တွင် မီဒီယာနည်းလမ်းများတိုးတက်လာသကဲ့သို့ တန်ပြန်ခက်ခဲသည့်ဒရုန်းများ အသုံးချမှုမြင့်မားလာသောကြောင့် ဘက်မညီခြိမ်းခြောက်မှုကို သိသိသာသာတိုးမြင့်စေသည်။ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခမှ ကူးစက်လာခဲ့သည့် ပင်လယ်နီအတွင်း ဟူသီတို့၏ တိုက်ခိုက်မှုများသည်လည်း အမေရိကန်အပေါ် ကြီးမားသည့်စိန်ခေါ်မှုဖြစ်စေသည်။ ယူကရိန်းကို ထောက်ပံ့ပေးနေသည့် အကူအညီများ သိသိသာသာလျော့ချလာရသကဲ့သို့ ယခုနှစ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲပြိုင်ဆိုင်မှုများကလည်း ကမ္ဘာ့အရေးအခင်းများနှင့်ပတ်သက်၍ အမေရိကန်၏ ရပ်တည်ချက်များအပေါ် ကြီးမားစွာလွှမ်းမိုးလျက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းကြီးမားသည့် စစ်ရေးပဋိပက္ခများကို ရှောင်လွှဲလိုသည့် အမေရိကန်အနေဖြင့် တိုးမြင့်လာသည့် အမေရိကန်ဆန့်ကျင်ရေးများ ကိုင်တွယ်ဖြေရှင်းရေးအတွက် ကြီးမားသည့် အကျပ်အတည်းကို ရင်ဆိုင်ရလျက်ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- US Faces Dilemma in the Middle East, China Military Online, February 8, 2024

နေရှား(သုတေသန)

# မြန်မာမိန်းကလေးများ၏ဂုဏ်သိက္ခာကို တန်ဖိုးထားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)




ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်များနှင့် နည်းပညာများအရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာခြင်းသည် လူသားတို့အတွက် ကောင်းကျိုးဆိုးပြစ်များဒွန်တွဲပါလာခဲ့သည်။ နည်းပညာကို အကျိုးရှိစွာအသုံးချသူများရှိသလို နည်းပညာ၏ သားကောင်ဖြစ်နေသူများကလည်း ဒုနှင့်ဒေးပင်ဖြစ်သည်။ ထိုအထဲတွင် မြန်မာလူငယ်တချို့လည်း ပါဝင်လျက်ရှိသည်။ အချို့သောလူငယ်များသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လာသော ယဉ်ကျေးမှုရေစီးကြောင်းဒဏ်ကိုမခံနိုင်ဘဲ မရှုနိုင်မကယ်နိုင်မျောပါသွားကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

**မိဘအုပ်ထိန်းသူများ၏တာဝန်**

ယခုအခါ အချို့သောလူငယ်များသည် ဖေဖော်ဝါရီလဆန်းကတည်းက လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ချစ်သူများနေ့ (Valentine's Day) တွင် ဝတ်ရန် အင်္ကျီဆင်တူဝယ်ကြသည်။ ချစ်သူများကိုပေးရန် ချောကလက်ဝယ်ကြသည်။ နှင်းဆီပန်းများမှာကြသည်။ ချစ်သူများနေ့ကို တလွဲအသုံးချမည့်သူများ၊ မရိုးသားသောအကြံအစည်ရှိနေသူများသည် ဟိုတယ်နှင့် တည်းခိုခန်းများ ကြိုတင်မှာယူထားကြသည်။ ထိုနေ့ဆိုလျှင် ဟိုတယ်များနှင့် တည်းခိုခန်းများတွင်အချိန်ပိုင်းတည်းခိုမည့်သူများဖြင့် ပြည့်နေသည်ဟုဆိုကြသည်။ အချို့ချစ်သူစုံတွဲများသည် Tokenယူပြီး ထိုင်စောင့်နေကြရသည်ဟုပင်ဆိုသည်။ အကာအကွယ်ပစ္စည်းများနှင့်မဟုတ်မဟတ်ဆေးများကလည်း ရောင်းအားကောင်းသည်ဟုဆိုကြသည်။ အစဉ်အလာအားဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာ့လူမှုအသိုက်အဝန်းအတွက် ကောင်းသောလက္ခဏာတော့မဟုတ်ချေ။ လူငယ်များကိုလွှတ်မထားသင့်ပေ။ ဘာသာတရားအဆုံးအမများနှင့် ကျိုးကြောင်းဆီလျော်စွာ ပြောဆိုဆွေးနွေးထိန်းကျောင်းကြပ်မတ်သင့်နေပြီဖြစ်သည်။ လူငယ်များလမ်းမှားရောက်နေခြင်းသည် မိဘအုပ်ထိန်းသူများ၏ တာဝန်လစ်ဟင်းမှုများကြောင့်သာဖြစ်သည်။

**ချစ်သူများနေ့ (Valentine's Day)**

ဆိုရလျှင် မျက်မှောက်ခေတ်လူငယ်တချို့သည် ထိုနေ့ထိုရက်များ မည်မျှပင်အရေးပါနေစေကာမူ ၎င်းတို့နှင့်သက်ဆိုင်သော နေ့တစ်နေ့ကိုသာ တခုတ်တရသတိရကြသည်။ ထိုနေ့အတွက် ကြိုတင်ပြင်ဆင်ကြသည်။ အချိန်ပေးပြီး ငွေကြေးအကုန်ကျခံကြသည်။ ထိုနေ့ကား အခြားမဟုတ်ချေ။ ချစ်သူများနေ့ (Valentine's Day) ဖြစ်သည်။ မြန်မာလူငယ်ထုအတွင်း ချစ်သူများနေ့ဆိုသော ယဉ်ကျေးမှုကူးစက်လာသည်မှာ မကြာသေးချေ။ ဖုန်းများ အလွယ်တကူဝယ်ယူအသုံးပြုနိုင်ပြီး Facebook ဆိုသော ယဉ်ကျေးမှုထွန်းကားလာသည့်အချိန်တွင် စတင်လာခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများကြား စီးဆင်းနေသောယဉ်ကျေးမှုရေစီးကြောင်းသည် မြန်ဆန်လွန်းလှသည်။ ထိုရေစီးကြောင်းနှင့်အတူ အကောင်းနှင့်အဆိုးဒွန်တွဲပါလာလျက်ရှိသည်။ အသိပညာဆိုသော ကိုယ်ခံအားကောင်းသူများသာလျှင် ယဉ်ကျေးမှုရေစီးကြောင်း၏ဆိုးကျိုးများကို ရှောင်ရှားနိုင်ကြသည်။

ဤနေရာတွင် ချစ်သူများနေ့အကြောင်းကို အနည်းငယ်တင်ပြသွားလိုပါသည်။ ရောမဧကရာဇ်သည် အင်ပါယာချဲ့ထွင်ရန်အတွက် စစ်သားများသာမက လူငယ်များကိုလည်း စစ်ထဲသို့ဝင်စေချင်ခဲ့သည်ဟုဆိုသည်။ အချို့သောလူငယ်များသည် ချစ်သူ၊ ဇနီး၊ မိသားစုများနှင့်ခွဲခွာ၍ စစ်တိုက်လိုသောဆန္ဒမရှိခဲ့ချေ။ ထို့ကြောင့် ရောမဧကရာဇ်သည် စစ်တိုက်ထွက်မည့်သူများကို လက်မထပ်ရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ထိုစဉ်က ကက်သလစ်ဘုန်းတော်ကြီး စိန့်ဗာလင်တိုင်က ရောမဧကရာဇ်အမိန့်ကိုဖီဆန်ကာ စစ်ထွက်မည့်လူငယ်နှင့်ချစ်သူတို့ကို တိတ်တဆိတ်လက်ထပ်ပေးခဲ့သည်။ ထိုသို့ အာဏာဖီဆန်မှုကြောင့် ဘုန်းတော်ကြီးဗာလင်တိုင်ကို မကွပ်မျက်မီ အကျဉ်းချထားခဲ့သည်။ ဘုန်းတော်ကြီးသည် သူ၏ရပ်တည်ချက်မှန်ကန်ကြောင်းကို ပြည်သူများထံစာရေးသားခဲ့သည်။ ထိုစာ၏အောက်ဆုံးတွင်"From Your Valentine"ဟုရေးသားထားခဲ့သည်။ ထိုစာရေးသားခဲ့သည့် အေဒီ ၂၆၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ၎င်းကိုကွပ်မျက်ခဲ့သည်ဟုဆိုသည်။ ထိုနေ့ကိုရည်ညွှန်း၍ မျက်မှောက်ကာလတွင် ချစ်သူများနေ့ (Valentine's Day)အဖြစ် ကျင်းပလာကြသည်။

**ထိန်းကျောင်းကြပ်မတ်သင့်**

မြန်မာလူငယ်တချို့သည်လည်း နှစ်စဉ် ဖေဖော်ဝါရီ ၁၄ ရက်နေ့ရောက်ရှိလျှင် Valentine's Day ကျင်းပကြသည်။ ဆိုရလျှင် ရည်ရွယ်ချက်မဲ့ပြီး အလုပ်အကိုင်ရေရေရာရာမရှိသော အချို့သောမြန်မာလူငယ်များသည် ယဉ်ကျေးမှုပေါင်းစုံကို မွေးစားလာကြသည်။ ခရစ္စမတ်နေ့၊ နှစ်သစ်ကူးနေ့ (New Year's Day)၊ ချစ်သူများနေ့ (Valentine's Day)စသည်ဖြင့် နေ့ပေါင်းစုံတွင် သောက်စားပျော်ပါးလာကြသည်။ ခိုက်ရန်ဖြစ်ပွားကြသည်။ ထိခိုက်ဒဏ်ရာရရှိကြသည်။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ အချို့သောအမျိုးသမီးငယ်များသည် အမျိုးသားများနှင့်အပြိုင် သောက်စားမူးယစ်ပြီး စည်းကျော်ကြသဖြင့် မရှုနိုင်မကယ်နိုင်ဖြစ်ကြသည်။ ပြဿနာကို နည်းလမ်းတကျမဖြေရှင်းနိုင်သူများသည် လွဲမှားစွာထွက်ပေါက်ရှာသွားကြသည်။ များစွာဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။ မိဘများအနေဖြင့် စည်းစားချင့်ချိန်ထိန်းကျောင်းကြပ်မတ်သင့်ပြီဖြစ်သည်။

ရှေးယခင်က မြန်မာအမျိုးသမီးများသည်လွန်စွာ ကူနေ့ကြီးမားလှသည်။ ဟီရိဩတ္တပတရားကို လက်ကိုင်ထားကြသည်။ ချစ်သူနှစ်ဦးတို့သည် သုံးနှစ်သုံးမိုးလေ့လာပြီးမှသာ လက်ထပ်ကြသည်။ လက်ရှိအချိန်တွင် အချို့သောအမျိုးသမီးများသည် ချစ်သူအပေါ် ယုံလွယ်ကြသည်။ အပျိုစင်ဘဝကို တန်ဖိုးထားရန် မေ့လျော့လာကြသည်။ လူငယ်တချို့သည် စိတ်လှုပ်ရှားဖွယ်ကောင်းသော မင်္ဂလာဦးညအတွေ့အကြုံမျိုးမရှိကြတော့ပေ။ အချို့သည် Living Together အလေ့အထကိုပင် လက်ခံကျင့်သုံးလာကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သောအပြုအမူများပင်ဖြစ်သည်။

အချို့သော မိဘအုပ်ထိန်းသူများသည် နည်းလမ်းလွဲမှားစွာဖြင့် သား၊ သမီးများကိုချစ်နေကြသည်။ သား၊ သမီးများကိုအလိုလိုက်ကြသည်။ အလယ်တန်းကျောင်းသားအရွယ်ကတည်းကပင် ဖုန်းများပေးထားကြသည်။ ထိုဖုန်းများတွင် မဟုတ်မဟတ်စာများ၊ ဓာတ်ပုံများ၊ ညစ်ညမ်းဇာတ်ကားများကို အလွယ်တကူကြည့်၍ရကြသည်။ အကျိုးဆက်အနေဖြင့် ကလေးများသည် အရွယ်မရောက်မီကတည်းက အပျိုစိတ်၊ လူပျိုစိတ်ဝင်နေကြသည်။ လူငယ်များပျက်စီးရခြင်း၏ အရင်းခံအကြောင်းတရားသည် အုပ်ထိန်းသူများ၏ အားနည်းချက်ကြောင့်သာဖြစ်သည်။ ထို့ပြင် အချို့သောမိဘများသည် ကလေးများရှေ့တွင် ဆင်ဆင်ခြင်ခြင်နေလေ့မရှိကြပေ။ လိင်စိတ်နိုးကြွစေသော ဇာတ်လမ်းတွဲများကို ပေါ်ပေါ်တင်တင်ကြည့်ရှုလေ့ရှိကြသည်။ မဖြစ်သင့်ပေ။ ဆိုရလျှင် ကလေးများသည် မိဘများကိုအတုခိုးပြီး ချစ်သူများနေ့တွင် မဟုတ်မဟတ်လုပ်ရန်ကြိုးစားလေ့ရှိသည်။ ထို့ကြောင့် မိဘများကိုယ်တိုင်က ဆင်ဆင်ခြင်ခြင်နေထိုင်ပြီး သား၊ သမီးများကို ထိန်းကျောင်းကြပ်မတ်သွားသင့်ပါသည်။

**သစ္စာရှိမှ သာလျှင်**

စင်စစ်အားဖြင့် ချစ်သူများနေ့တွင် မိမိချစ်သူကို ဖြူစင်သန့်ရှင်းသောမေတ္တာစစ်စစ်ဖြင့် ချောကလက်၊ နှင်းဆီပန်းနှင့် အခြားသောလက်ဆောင်လှလှလေးများ ပေးမည်ဆိုလျှင်ကောင်းမွန်ပါသည်။ ထို့နောက် အများပြည်သူအပန်းဖြေရာနေရာများ၊ ဘုရားစေတီများတွင် ချစ်သူနှစ်ဦး အေးအေးချမ်းချမ်းသွားရောက်အပန်းဖြေနိုင်သည်။ ယောကျ်ားလေးဖြစ်သူသည် မိမိ၏ချစ်သူမိန်းကလေးကို တန်ဖိုးထားသင့်သည်။ ချစ်သူများနေ့ကိုအသုံးချ၍ မတောင်းသင့်သည့်အရာကိုမတောင်းသင့်ပေ။ မိန်းကလေးဖြစ်သူကလည်း မလိုက်လျောသင့်သည့်အရာကို မလိုက်လျောသင့်ပေ။ အချို့သောမိန်းကလေးများသည် ချစ်သူကပစ်သွားမည်ကို စိုးရိမ်ကြသဖြင့် လိုက်လျောကြသည်။ ကံအကြောင်းမလှသဖြင့် နှစ်ဦးသားလက်မထပ်ဖြစ်လျှင် နစ်နာကြမည်ဖြစ်သည်။ ချစ်သူဘဝတွင် တစ်ဦးနှင့်တစ်ဦး စောင့်စည်းခြင်း၊ စည်းထားခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။

အချို့သောချစ်သူစုံတွဲများသည် ချစ်သူများနေ့ရောက်ရှိမှသာ လက်ထပ်ထိမ်းမြားလိုကြသည်။ ထိုနေ့တွင် ချစ်သူစုံတွဲများအပြိုင်အဆိုင်လက်ထပ်ကြသဖြင့် မင်္ဂလာခန်းမငှားရမ်းဖို့ကိုပင် အခက်တွေ့ကြရသည်။ မည်သည့်နေ့တွင် လက်ထပ်ထိမ်းမြားသည်ဖြစ်စေ တစ်ဦးပေါ်တစ်ဦးသာ သစ္စာရှိနေမည်ဆိုလျှင် အိမ်ထောင်ရေးသာယာနေမည်ဖြစ်သည်။ ချစ်သူများနေ့တွင် လက်ထပ်ခဲ့သော်လည်း တစ်ဦးပေါ်တစ်ဦး ရိုးမြေကျပေါင်းသွားမည့် ခိုင်မြဲသောသစ္စာမရှိလျှင် ထိုချစ်သူစုံတွဲသည် မကြာမီ ကွဲကွာမည်သာဖြစ်သည်။

**မြန်မာမိန်းကလေးများ၏ဂုဏ်သိက္ခာကို တန်ဖိုးထားစေလို**

ဆိုရလျှင် လူတစ်ဦးကိုတစ်ဦးချစ်ခင်နှစ်သက်ခြင်းသည်ကောင်းမွန်ပါသည်။ ချစ်ခင်ကြင်နာခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက်သည် ချစ်သူများနေ့(Valentine's Day)ဖြစ်သည်။ လူငယ်များသည် ထိုနေ့ကို ရင်ခုန်မျှော်လင့်စောင့်ဆိုင်းနေကြသည်။ ချစ်သူခင်သူများအတွက် ချောကလက် အပါဝင်လက်ဆောင်ပစ္စည်းမျိုးစုံလည်း ဝယ်ယူထားပြီး အထူးသဖြင့် အရောင်အသွေးဒီဇိုင်းဆင်တူသောအင်္ကျီလှလှလေးများလည်း ဝယ်ယူကြသည်။ သို့သော် ထိုနေ့ကို ဖြူစင်သန့်ရှင်းစွာ ဖြတ်သန်းကြသူများရှိသလို ကာမဆန္ဒဖြည့်ဆည်းရန်အတွက် အသုံးချသွားမည့်သူအချို့လည်း ရှိနေမည်ဖြစ်သည်။ အထူးသဖြင့် လျှို့ဝှက်အကြံအစည်ရှိကြသည့် အချို့သောယောကျ်ားလေးများသည် တည်းခိုခန်းတွင် ကြိုတင်အခန်းမှာကြသည်။ အပျိုစင်မိန်းကလေးများအနေဖြင့် ထိုနေ့ကို လိမ္မာပါးနပ်စွာဖြတ်သန်းစေချင်သည်။ တဒင်္ဂသာယာမှုကို ရှေ့တန်းတင်မည်ဆိုလျှင် အရှက်တကွဲအကျိုးနည်းကြရမည်ဖြစ်သည်။

ဖြစ်သင့်သည်မှာ ယောကျ်ားလေးသည် မိမိ၏ချစ်သူမိန်းကလေးထံမှ မတောင်းသင့်သောအရာများကို အကျပ်ကိုင်တောင်းဆိုခြင်းမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ မိန်းကလေးများကလည်း သဘောကောင်းပြီး မလိုက်လျောမိအောင် လိမ္မာပါးနပ်စွာရှောင်ရှားသွားရန်လိုအပ်သည်။ ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး တန်ဖိုးထားသင့်သည်။ ချစ်သူစုံတွဲများသည် တစ်ဦးကိုတစ်ဦး မေတ္တာစစ်မေတ္တာမှန်ဖြင့် တန်ဖိုးထားချစ်ခင်ကြင်နာကြရမည့်အစား ချစ်သူများနေ့ (Valentine's Day) တွင် တဒင်္ဂသာယာမှုကို ရှေ့တန်းတင်သွားမည်ဆိုလျှင် မမျှော်မှန်းနိုင်သည့်နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းသွားရနိုင်သည်။

❖ အထူးသဖြင့် မြန်မာမိန်းကလေးများ၏ဂုဏ်သိက္ခာကို အထူး တန်ဖိုးထားသင့်သည်။ ရှေးမြန်မာမိန်းကလေးများသည် အပျိုစင်ဘဝကို တန်ဖိုးထားကြသည်။ လက်ရှိအချိန်တွင် အချို့သောရေပေါ်ဆီများ ကျင့်သုံးနေသည့် Living Together ဆိုသော အနောက်တိုင်း ယဉ်ကျေးမှုပုံစံကို ရှုံ့မုန်းကြသည်။ မြန်မာတို့သည် မိမိ၏အိမ်ထောင်ဖက်မှလွဲ၍ အခြားသူများအပေါ် ဖောက်ပြန်ခြင်းမရှိပေ။ အထူးသဖြင့် မြန်မာမိန်းကလေးများသည် တစ်လင်တစ်မယားစနစ်ကိုသာ လိုက်နာ ကျင့်သုံးလျက်ရှိသည်။ ❖

အထူးသဖြင့် မြန်မာမိန်းကလေးများ၏ဂုဏ်သိက္ခာကို အထူးတန်ဖိုးထားသင့်သည်။ ရှေးမြန်မာမိန်းကလေးများသည် အပျိုစင်ဘဝကို တန်ဖိုးထားကြသည်။ လက်ရှိအချိန်တွင် အချို့သောရေပေါ်ဆီများကျင့်သုံးနေသည့် Living Together ဆိုသောအနောက်တိုင်းယဉ်ကျေးမှုပုံစံကို ရှုံ့မုန်းကြသည်။ မြန်မာတို့သည် မိမိ၏အိမ်ထောင်ဖက်မှလွဲ၍ အခြားသူများအပေါ် ဖောက်ပြန်ခြင်းမရှိပေ။ အထူးသဖြင့်မြန်မာမိန်းကလေးများသည် တစ်လင်တစ်မယားစနစ်ကိုသာ လိုက်နာကျင့်သုံးလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ မိန်းကလေးငယ်များအနေဖြင့် အပျိုစင်ဘဝကို တန်ဖိုးထားကာ ကူနေ့ကြီးမားလှပြီး ဟီရိဩတ္တပတရားကို လက်ကိုင်ထားကြသည့် မြန်မာအမျိုးကောင်းသမီးများ၏ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅




## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပျော်ရွာကျေးရွာနေ ဦးဇော်လင်းထွန်း-ဒေါ်ဇာဇာလင်း တို့၏ သမီး **မအိစာထွန်း(၉/မသန(နိုင်)၂၀၂၂၂၅)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဇော်လင်းထွန်း(၉/မသန(နိုင်)၀၉၉၂၅၃)**
**ဒေါ်ဇာဇာလင်း(၉/မသန(နိုင်)၀၉၉၁၃၆)**

## "အိတ်ပိတ်တင်ဒါခေါ်ယူခြင်း"

၁။ ပုညရှင် အဆင့်မြင့်တည်းခိုရိပ်သာနှင့် စားဥယျာဉ်လုပ်ငန်းအတွက် အိတ်ပိတ်တင်ဒါ လျှောက်ထားနိုင်ပါသည်။
၂။ လေလံကြမ်းခင်းဈေး (၁)လလျှင်ကျပ်သိန်း(၂၀)သတ်မှတ်ပါမည်။
၃။ လိုင်စင်လုပ်ဆောင်ခွင့်သက်တမ်း (၅)နှစ်ခွင့်ပြုပါမည်။
၄။ နိုင်ငံသား ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
၅။ လျှောက်လွှာတစ်စောင်လျှင် (၁၀၀၀၀ိ/-)တစ်သောင်းကျပ်နှုန်းဖြင့် ဆွမ်းဦးပုညရှင် ဂေါပကရုံးတွင် ဝယ်ယူနိုင်ပါသည်။
၆။ လျှောက်လွှာများကို (၂၀-၂-၂၀၂၄)ရက်နေ့တွင် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လိုင်စင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များနှင့် ဖွင့်ပွဲရက်ကိုလည်း တစ်ပါတည်း ရယူနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဆွမ်းဦးပုညရှင်စေတီတော်**
**စစ်ကိုင်းတောင်ရိုး၊စစ်ကိုင်းမြို့။**

**မှတ်ချက်။** ။ အသေးစိတ်သိရှိလိုပါက ဆွမ်းဦးပုညရှင်ဂေါပကဥက္ကဋ္ဌ ဦးစိုးဝင်း (၀၉-၂၁၃၀၁၀၆)ထံ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမ၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ စာမျက်နှာ - ၂၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များနှင့် အငြိမ်းစား ဝန်ထမ်းဟောင်းများ ဖူးမြော်ကြည်ညို စာမျက်နှာ - ၂၀

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်း စာမျက်နှာ - ၁၈

အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့နှင့် မကွေးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲပြုလုပ် စာမျက်နှာ - ၁၈

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားပြခန်းများသို့ သွားရောက်လေ့လာ စာမျက်နှာ - ၂၀

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉